မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၂ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၉ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၉၁)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊ အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ရုရှားစစ်ဦးစီးချုပ် ကာကွယ်ရေးဝန်ကြီးဌာန ပထမ-ဒုတိယဝန်ကြီးတို့ တွေ့ဆုံ နှစ်နိုင်ငံတပ်မတော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုဆိုင်ရာကိစ္စရပ်များပွင့်လင်းစွာဆွေးနွေး

ရန်ကုန် မေ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဦးစီးချုပ် ကာကွယ်ရေးဝန်ကြီးဌာန ပထမ–ဒုတိယဝန်ကြီး General, Y.N.Baluevsky တို့သည် မေ ၄ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ရုရှားကာကွယ်ရေးဝန်ကြီးဌာန၌ တွေ့ဆုံဆွေးနွေးကြသည်။ *စာမျက်နှာ ၈ ကော်လံ ၄* ●

အမှတ်တရပစ္စည်းများအပြန်အလှန်ပေးအပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဦးစီးချုပ် ကာကွယ်ရေးဝန်ကြီးဌာန ပထမ–ဒုတိယဝန်ကြီး General, Y. N. Baluevsky တို့ အမှတ်တရပစ္စည်းများ အပြန်အလှန်ပေးအပ်ကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဦးစီးချုပ် ကာကွယ်ရေးဝန်ကြီးဌာန ပထမ–ဒုတိယဝန်ကြီး General, Y. N. Baluevsky တို့ မော်စကိုမြို့ရှိ ရုရှားကာကွယ်ရေးဝန်ကြီးဌာန၌ တွေ့ဆုံဆွေးနွေးကြစဉ်။ **(သတင်းစဉ်)**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဧပြီလ ၉ ရက်)

မြန်မာ-ရုရှား နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာစေမည့် မြန်မာကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီး

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိသည်။ ကမ္ဘာ့နိုင်ငံများနှင့် မိတ်ဝတ်မပျက် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်လည်းရှိသည်။

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ပထဝီအနေအထားအရ ကွာဝေးကြသော်လည်း မြန်မာနိုင်ငံက ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးကို အမြဲအလေးထားသကဲ့သို့ ရုရှားနိုင်ငံသည်လည်း မြန်မာနိုင်ငံ၏ မိတ်ကောင်းဆွေကောင်း နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။

နှစ်နိုင်ငံဆက်ဆံရေး စတင်သည့်အချိန်ကစပြီး တာဝန်ရှိပုဂ္ဂိုလ်များ အပြန်အလှန် လည်ပတ်ခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေးသည် ပိုမိုတိုးတက်ခိုင်မာစေခဲ့သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာမီခေး(လ်)ဖရက်ကော့(ဗ်)၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် ဧပြီလ၂ရက်နေ့မှ ၇ရက်နေ့အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး အလည်အပတ်သွားရောက်ခဲ့ကြသည်။

ချစ်ကြည်ရေးခရီးစဉ်အတွင်း ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာမီခေး(လ်)ဖရက်ကော့(ဗ်)တို့သည် ဧပြီလ ၃ရက်နေ့ ဒေသစံတော်ချိန် ညနေ ၄နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံကုန်သွယ်ရေးနှင့်စီးပွားရေးအပါအဝင် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ အကြမ်းဖက်လုပ်ရပ်နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတို့တွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့် လက်ရှိနိုင်ငံတကာ အခြေအနေများအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်နိုင်ခဲ့ကြသည်။

မြန်မာ-ရုရှားနှစ်နိုင်ငံ၏ ကုန်သွယ်ရေးနှင့် စီးပွားရေးဆက်ဆံမှုအခြေအနေမှာ နှစ်ဦးနှစ်ဖက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် အခွင့်အလမ်းများရှိနေသည်ကို အားရဖွယ်တွေ့ရှိရသည်။ နှစ်နိုင်ငံကုန်သွယ်ရေး မြှင့်တင်နိုင်ရန်အတွက် အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်ရုံသာမက ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်း ပူးပေါင်းဆောင်ရွက်သွားရန်၊ နိုင်ငံတကာအကြမ်းဖက်မှု တိုက်ဖျက်သွားရန် သဘောတူညီခဲ့ကြသည်။

ဒေသတွင်း အခြေအနေများ၊ နိုင်ငံတကာအခြေအနေများကို လေ့လာသုံးသပ်ကြရာတွင် တူညီသော သဘောထားအမြင်များ ရရှိခဲ့သည်။ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်(၄)ရပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။

၂၀၀၀ပြည့်နှစ်အတွင်းက လက်မှတ်ရေးထိုးခဲ့သည့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးဆိုင်ရာ "မူ"များနှင့် ပတ်သက်သည့် ပူးတွဲကြေညာချက်သည်လည်း နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုတိုးတက်စေသော အခြေခံကောင်းတစ်ခုပင် ဖြစ်သည်။

မြန်မာ-ရုရှား နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပုံမှန်ညှိနှိုင်းဆွေးနွေးရန် သဘောတူစာချုပ်ကို ၁၉၉၉ ခုနှစ်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းကြောင့် နှစ်နိုင်ငံအနေဖြင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာဖိုရမ်များတွင် ထိတွေ့ညှိနှိုင်းတိုင်ပင်မှုများ ပြုလုပ်ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်သည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးချိန်မှစတင်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဆက်ဆံရေးကောင်းမွန်ခဲ့သော နှစ်နိုင်ငံ အစိုးရအဖွဲ့များအကြား၌လည်းကောင်း၊ နှစ်နိုင်ငံပြည်သူများအကြား၌လည်းကောင်း၊ တပ်မတော်နှစ်ခုအကြား၌လည်းကောင်း တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုတိုးတက်ခိုင်မာစေရေးအတွက် နှစ်နိုင်ငံဆက်ဆံရေးကဏ္ဍသစ်ကို ဖွင့်လှစ်ပေးနိုင်ကြောင်း တွေ့ရသည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်သည် အောင်မြင်မှုရရှိပြီး နှစ်နိုင်ငံတို့၏ ရှိရင်းစွဲဆက်ဆံရေးကို ပိုမိုခိုင်မြဲစေမည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။
(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမှိတ်မသုန် အကောင်အထည်ဖော်သွားမည်။
(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။
(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။
(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။
(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

အရှင်ဇဝန(ပဲခူး)

ဓမ္မသဘင်

ရန်ကုန် ဧပြီ ၈

နယ်လှည့်သာသနာပြု ဓမ္မကထိက အရှင်ဇဝန(ပဲခူး)သည် ဧပြီ ၉ ရက်တွင် မော်လမြိုင်မြို့ ရွှေမြိုင်သီရိနယ်မြေ လမုတန်းရပ်ကွက် ပဋ္ဌာန်းအောင်ပွဲ၊ ၁၁ရက်တွင် ကော့မှူးမြို့နယ် နတ်စဉ်ကုန်းရွာ၊ ၁၆ရက်တွင် သာကေတ(၅)ရပ်ကွက် သက်ကြီးပူဇော်ပွဲ၊ ၁၇ရက်တွင် ပဲခူးမြို့ ကျောက်တန်းတာဝကျေးရွာ၊ ၁၈ရက်တွင် သနပ်ပင်မြို့နယ် မင်းရွာ၊ ၂၂၊၂၃ရက်တွင် သာပေါင်းမြို့နယ် သစ်ထုတ်လုပ်ရေးလုပ်ငန်း၏ ဓမ္မသဘင်၊ ၂၄ရက်တွင် ဆင်ကူးရွာ၊ ၂၅၊၂၆ရက်တွင် သာပေါင်းမြို့ မြို့ဦးစာသင်တိုက်၊ ၂၇၊၂၈ရက်တွင် ရွှေသောင်ယံမြို့ ဘောမိရွာ၊ ၂၉၊ ၃၀ ရက်တွင် ဂျိတ်လတ်ကျေးရွာ၊ မေ ၁ ရက်၊၂ရက်တွင် ဂျိုင်လယ်ရွာ၊ ၃၊ ၄ ရက်တွင် မကျီးစဉ်ရွာ၊ ၅၊ ၆ရက်တွင် ကုလားချောင်းရွာ၊ ၇၊ ၈ရက်တွင် ပေါက်လှကျိုင်ရွာ၊ ၉၊ ၁၀ရက်တွင် ရခိုင်ပြည်နယ် ကျောက်ချွန်ရွာ၊ ၁၁၊ ၁၂ရက်တွင် တောင်ပေါက်ရွာ၊ ၁၃၊ ၁၄ရက်တွင် သင်ပေါင်းတောရွာ၊ ၁၅၊၁၆ရက်တွင် ရွှေယကျိုင်ရွာ ဓမ္မသဘင်များ၌ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

လယ်တီဝိပဿနာတရားစခန်း

ရန်ကုန် ဧပြီ ၈

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာ တရားတော်များကို အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်၏ နာယကကမ္မဋ္ဌာနာစရိယချုပ် မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်းကြီးမှူး၍ ကမ္မဋ္ဌာနာစရိယ ဦးသီလာစာရနှင့် ဆရာ၊ ဆရာမသုံးဦး အနီးကပ်ကြီးကြပ်ပြီး ဧပြီ ၉ရက်မှ ဧပြီ၁၇ ရက်အထိ အိမ်ရာကွပ်ကဲရေးစခန်း (၃၄)ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် တရားစခန်း ကျင်းပမည်ဖြစ်ပါ၍ ဧပြီ၉ရက် ညနေ၆နာရီ တရားစခန်း ဝင်ရောက်ရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲများ လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ဧပြီ ၄ ရက်က ဆရာစံမြောက်အရှေ့ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ မြို့နယ်ရုံးစာကြည့်တိုက်မှူး ဒေါ်အေးအေးဆင့်နှင့် ဆရာစံမြောက်အရှေ့ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်ဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၉-၄-၂၀၀၆
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၄၅ ၈။ ခါသကြိန်အဆိုအကများ
၇:၅၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ ဆရာတော် ဦးဃောသိတ တရားတော် **"သစ္စာဉာဏ် ကစ္စဉာဏ် ကတဉာဏ်"**

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၁၅ ၄။ မေးမြန်းစူးစမ်း
၁၂:၃၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၅၀ ၆။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"ဖခင်"** (အပိုင်း-၂)ဇာတ်သိမ်း
၀၁:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၄:၁၅ ၄။ ခါသကြိန်အဆိုအကများ
၄:၂၀ ၅။ မျိုးချစ်တပ်မတော်
၄:၂၅ ၆။ ခါသကြိန်အဆိုအကများ
၄:၃၅ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၈။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသ သတင်း
၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၃။ ဆပ်ကပ်
၆:၄၀ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၄)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ကျန်းမာသုတ
၁၉။ ပဟေဠိနန်းတော်
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ English Premier League ဘောလုံးပွဲအစီအစဉ် Manchester United vs Arsenal

ပါးစပ်သတင်း၊ အရပ်သတင်းမီဒီယာနဲ့ ဘက်လိုက်မှုသတင်းပညာများကြားမှာ ဝါဒမှိုင်းမမိကြစေဖို့. . .။

သတင်းစာဆရာကြီးတစ်ဦး ရေးသားခဲ့သော ခေါင်းစဉ်တစ်ခုကို သတိရမိသည်။ **"ကြည့်သောသူသည်မြင်၏"**တဲ့။

တစ်ခေတ်က သတင်းစာတစ်စောင်တွင် ထိုခေါင်းစဉ်ဖြင့် ရေးသားခဲ့သော ဆောင်းပါးများကို ဖတ်ရှုခဲ့ရဖူးသည်။ ယခုလည်း ထိုခေါင်းစီးကို မှတ်မှတ်ရရဖြစ်နေသည်။

ဟုတ်သည်။ ကြည့်သောသူသည် မြင်သည်။ ကြည့်တတ်သူသည် ပိုမြင်သည်။ ထိုကြည့်တတ်ဖို့အတွက် အနီးအဝေး၊ ရှုထောင့် အကွာအဝေး၊ မှန်နေသူက ကြည့်တာလား၊ တုန်နေသူက ကြည့်တာလားဆိုတာကိုလည်း ထည့်တွက်ရမည်။

အရာဝတ္ထုတစ်ခုကို မှုန်နေသူကြည့်သောအမြင်နှင့် ကြည်လင်သူကြည့်သောအမြင် ကွာခြားသွားနိုင်သည်။

ထိုမှတစ်ဆင့်တက်၍ ဆိုရလျှင် အကြောင်းအရာဖြစ်ရပ်တစ်ခုကို သိကြားနားထောင်ပြီး ပြန်လည်၍အများသိအောင် သတင်းတစ်ပုဒ်ထုတ်လုပ်တော့မည်ဆိုလျှင် အမြင်မှုန်ဝါးနေသူမြင်သောသတင်းအမြင်နှင့် အမြင်ကြည်လင်သူမြင်သော သတင်းအမြင်တို့ ကွာဟလျှင် တင်ပြပုံလည်း ကွာဟသွားနိုင်သလို အန္တရာယ်ပါဖြစ်စေနိုင်သည်။

မိမိတို့ပြည်တွင်းမီဒီယာများအနေဖြင့် ကိုယ်နေထိုင်သည့်ဝန်းကျင်ကို ကိုယ်သာအသိဆုံးမို့၊ မမြင်မကြားရသည့်ဒေသမှာ နေထိုင်နေကြသည့်လူတစ်စုက ကိုယ့်ပြည်တွင်းမှဖြစ်ရပ်များအပေါ် ပုံပျက်ပန်းပျက် ဝေဖန်ထိုးနှက်နေမှုများအတွက် ရှင်းလင်းစွာတုံ့ပြန်ရေးသားရမည်မှာ 'မိမိတို့ မီဒီယာများ၏တာဝန်' ဖြစ်လာသည်။

အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးစသည့် အရေးအရာများအပါအဝင် မည်သည့်နယ်ပယ်တွင်မဆို စိတ်ဝမ်းကွဲအောင်၊ တွေဝေအောင်၊ ဟုတ်နိုးယောင်ယောင်အဖြစ် ပါးစပ်သတင်း၊ အရပ်သတင်းများကို အနောက်အုပ်စုမှ မွေးထားသော အသံလွှင့်ဌာနများက မှားယွင်းစွာထုတ်လွှင့်နေသည့် သာဓကများ အများကြီးရှိနေသည်။ သို့သော် ထိုသတင်းမှားများအတွက် အမှန်ပေါ်လွင်ပါကလည်း 'ပြန်လည်ပြင်ဆင်ချက်' ဆိုပြီး ထုတ်လွှင့်ပေးသည်ကို ကြားမိပါသလား။ သက်သေသက္ကာယအဖြစ် ထုတ်နုတ်ပြောရမည်ဆိုလျှင် များစွာရှိနေပါသည်။

မိမိတို့ပြည်တွင်းရှိ သတင်းသိအိုရီသမားကြီးများကလည်း ပြည်တွင်းစာနယ်ဇင်းသမားများအပေါ်သာ **'ဘယ်ဟာလေးကို ဘယ်လိုရေး'**၊ **'အမှားဖြစ်လျှင် ပြင်ဆင်ချက်ထည့်ပေး'**၊ **'သတင်းတန်ဖိုးဆိုတာဘယ်လိုဟာ'**၊ **'မှုခင်းသတင်းဆိုတာဘယ်အဆင့်'**စသည်ဖြင့် သတင်းသီအိုရီပညာများစွာ ဖြန့်ဖြူးပေးနေနိုင်သော်လည်း ပြည်ပသတင်းဌာနများ၏ Transformဖြစ်နေသည့်၊ မိမိတို့ကိုထိုးနှက်သည့် သတင်းမှားများအပေါ် တုံ့ပြန်ချေဖျက်ပေးစွမ်းမရှိသည်ကိုလည်း တွေ့နေရသည်။ ထိုသို့အမျိုးသားရေးကိစ္စတွင် အားနည်းချက်များရှိလေလေ၊ ကျားချောင်းသလိုချောင်းနေသူတို့အဖို့ အတင့်ရဲစွာ သွေးကွဲအောင် ကြံစည်ရန် ပိုလွယ်လေသာ ဖြစ်နေပေလိမ့်မည်။

တချို့ မြင်မိတာလေးတွေကိုပြောရလျှင် ရယ်ဖွယ်ပင်ကောင်းလှသည်။ အမေရိကန်၏ VOA နှင့် ဗြိတိန်၏ BBC တို့သည် အခြားမွေးစားအသံလွှင့်ဌာနခွဲလေးများဖွဲ့ပြီး ကမ္ဘာ့ဒေသအလိုက် သတင်းဌာနများထူထောင်ကာ **'သတင်းကိုလိုနီ'** ပြုနေချိန်တွင် သူတို့ကိုအထိုက်အလျောက် ထိုးနှက်တုံ့ပြန်နိုင်စွမ်းရှိလာသည့် အရှေ့အလယ်ပိုင်းမှ အသံလွှင့်ဌာနတစ်ခုကို ဖုံးကြဲပြီးဖြိုခွဲရန်ပင် ကြံစည်သည်ဆိုတော့ သူတို့ဘက်ကျတော့ သိပ်သိပါလား၊ ရယ်စရာကောင်းလှချည်လားဟု မြင်မိသည်။

အနောက်အုပ်စုသည် သူတို့နှင့်ဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှု စရိုက်လက္ခဏာ၊ တွေးပုံခေါ်ပုံ၊ တင်ပြပုံ မတူညီသော **'အယ်လ်ဂျာဇီးရား'**ကဲ့သို့ အာရပ်ရုပ်သံလိုင်းကို သူတို့အနောက်ပရိသတ် ကြည့်ရှုသိကြားခံစားထိတွေ့မှာကို အလွန်ဝန်လေးနေသည်။ ထို့ကြောင့် အယ်လ်ဂျာဇီးရားရုပ်သံလိုင်းကို သူတို့ဆီတွင် ပိတ်ပင်တားဆီးထားသည်။

'သတင်းဆိုတာ လွတ်လပ်စွာ'လို့ဆိုနေသည့် အနောက်အုပ်စု၏ နယ်စည်းမခြားသတင်းသမားဆိုသူများကလည်း သူတို့ကိုယ်တိုင် စည်းခြားချင်လျှင် ခြားလို့ရနေသည်။ နှာစေးလိုလျှင် စေးလို့ရနေသည်။ ထိမ်ချန်လိုလျှင် ရေငုံနှုတ်ပိတ်နေလိုက်ကြသည်။

ထိုရောအခါ **'ဒီမိုကရေစီ'**ဆိုတာ ဘာပါလိမ့်၊ ဘယ်စံပါလိမ့်ဟု သူတို့ကိုပင် ပြန်မေးစရာဖြစ်လာသည်။

ထိုသို့ ရွဲ့စောင်းနေသော ဖြစ်ရပ်မှန်များရှိနေသည်ကို နားလည်ရှုမြင်နိုင်သည့် အရှေ့တောင်အာရှမှ စီးပွားဖြစ်ထွန်းနေသော စင်ကာပူ၏ဝါရင့်ဝန်ကြီး လီကွမ်ယူက "စင်ကာပူသားများအနေဖြင့် အရှေ့အလယ်ပိုင်းနှင့် ပိုမိုရင်းနှီးစွာ အလုပ်လုပ်မည်ဆိုလျှင် အယ်လ်ဂျာဇီးရားကို ကြည့်သင့်သည်"ဟု တလောကမှတ်ချက်ပေးလိုက်သည်။

ဒါသည်ပင် အာရှအမြင်ဖြစ်သည်။ 'ကြားနေရေး'၊ 'ဘက်မလိုက်ရေး'သည် အာရှ၏တန်ဖိုးဖြစ်သည်။ 'ဒီမိုကရေစီ' ဆိုသောစကားလုံးထက် ပို၍တန်ဖိုးကြီးသည်ဟု နားလည်ရသည်။ မိမိတို့နိုင်ငံသည်လည်း ထိုသဘောအတိုင်းပင်ဖြစ်သည်။

မည်သည့်အသံလွှင့်ဌာနကမဆို ထုတ်လွှင့်သော သတင်းထူး၊ သတင်းဆန်းများကို နားသောတဆင်ချင်သပ၊ ကြားယောင်ချင်သပဆိုလျှင် နားသောတဆင် ခံစားနိုင်သည်။ နားထောင်ပြီး လွတ်လပ်စွာတွေးဆနိုင်သည်။ ထို့အတွက် မပိတ်ပင်၊ မတားဆီး၊ လေလှိုင်းကြားက သတင်းထူး၊ သတင်းဆန်းများကို နားထောင်နိုင်လေလေ အခြေအနေမှန်ကို ပိုသိနိုင်လေလေဖြစ်မည်။

BBC, VOA, RFA ကို နားသောတဆင်လို့ မြန်မာပြည်တွင် အရေးယူသည်ဆိုတာ ကြားဖူးပါသလား၊ နားမထောင်ရဟု ဥပဒေထုတ်ပြန်ပါသလား။ ကျယ်ချင်သလောက် အကျယ်ကြီးဖွင့် ဘာပြဿနာမှမရှိပါ။ ထိုလေလှိုင်းကြားမှ သတင်းထုတ်လွှင့်နေကြသူများ၏ ဘဝနောက်ခံ၊ အတိတ်ပုံရိပ်များကိုပင် ပုဂ္ဂိုလ်ရေးအဖြစ် မထိုးနှက်၊ မတုံ့ပြန်။ ထိုသို့သူတို့၏ နောက်ကြောင်းများကို မတုံ့ပြန်သည့်အတွက် **'မြန်မာပြည်တွင် သတင်းလွတ်လပ်ခွင့်မရှိ'**ဟုများ သူတို့ကပြောနေကြတာလား၊ အမှန်တော့ **'ကျင့်ဝတ်'**ကို စောင့်ထိန်းခြင်းသာဖြစ်သည်။

ဓန်ဓန်

မြန်မာပြည်အတွက် **'သီးသန့်'**၊ **'လီမိတက်'** ထုတ်လွှင့်နေသော အနောက်အုပ်စုရေဒီယိုသတင်းဌာနများ၏ သတင်းခေါင်းစဉ်များသည် တစ်ကမ္ဘာလုံးအတွက် ရည်ရွယ်ထုတ်လွှင့်နေသော ကမ္ဘာ့သတင်းနေရာများ၏ သတင်းခေါင်းစဉ်တွင် ရှိနေပါသလား။ ကမ္ဘာ့သတင်းများတွင် ခေါင်းစဉ်တင်လောက်သော သတင်းမဟုတ်သည့် ပါးစပ်သတင်း၊ အရပ်သတင်းများကို မြန်မာပြည်သူများအတွက် ဝါဒမှိုင်းတိုက်ရန် သက်သက်သာ ရေကြီးခွင့်ကျယ်ထုတ်လွှင့်နေခြင်းဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ပါးစပ်သတင်း အရပ်သတင်းသာသာလောက်ကို ကမ္ဘာ့သတင်းကဲ့သို့ ပုံဖော်ထုတ်လွှင့်၍မရပါ။ ထိုသတင်းများကို နေ့စဉ်ရက်ဆက် နားထောင်နေမိသူအဖို့ မြန်မာပြည်ကြီး တဖြည်းဖြည်း ဆုတ်ယုတ်နေပြီလား ဆိုသောအတွေးကိုသာ ဖြစ်ပေါ်လာစေနိုင်ပြီး လက်တွေ့ဘဝနှင့်အဟပ်ကွာသွားမည်သာဖြစ်လာသည်။ ဒါသည်ပင် လေလှိုင်းကြားက အသံဖြင့်ထိုင်ရာမထဘဲ သတင်းဖြင့် ကိုလိုနီလုပ်နေခြင်းဖြစ်သည်။

မြန်မာပြည်ကို တကယ်တိုးတက်စေချင်သလား၊ ပြည်သူအများ သာယာဝပြောရေးအတွက် လုပ်ဆောင်ပေးချင်သလား၊ အင်္ဂလိပ်စာတတ်များဖြစ်အောင် သင်ပေးလိုပါသလား၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်တွေကို အဆင့်မြှင့်ပေးချင်ပါသလား၊ အနုပညာရေး၊ ဘာရေး၊ ညာရေးတွေမှာ တစ်ပြေးညီတိုးတက်ဖြစ်ထွန်းမှု ဖြစ်စေချင်ပါသလား။ လွယ်ပါသည်၊ မိမိတို့တိုင်းပြည်ကို ထိခိုက်နစ်နာအောင်လုပ်ထားသည့် သူတို့ပိတ်ပင်တားဆီးထားရာ လမ်းကြောင်းများကိုသာ ရှောရှူစွာ ပြန်ဖွင့်ပေးလိုက်ပါ။

အသံလွှင့်ဌာနများ၊ သံရုံးဝန်ထမ်းများ၊ NGO များက တစ်ဦးချင်း၊ တစ်ယောက်ချင်း ချောင်ကြိုချောင်ကြားမကျန် လျှောက်သွားပြီး စေတနာမေတ္တာရှိကြောင်းကို လိုက်လုပ်ပြပေးနေစရာမလိုပါ။ ပင်ပန်းလှပါသည်၊ အားနာစရာကောင်းလှပါသည်။

မိမိတို့တိုင်းပြည်၏ လူ့စွမ်းအားအရင်းအမြစ်သည် အခွင့်အလမ်းရလျှင် ရသည့်ဘက်၌ အားကောင်းမောင်းသန်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်စွမ်းရှိသည်။ မိမိတို့အိမ်နီးချင်းတိုင်းပြည်များတွင် ဆယ်စုနှစ်ကျော်အချိန်ယူလေ့လာခဲ့ရသည့် အိုင်တီနည်းပညာသည် မိမိတို့ဆီလမ်းပွင့်ရောက်လာသည်နှင့်တစ်ပြိုင်နက် ထိုအိမ်နီးချင်းနိုင်ငံများနှင့် အမီလိုက်နိုင်သည်က သက်သေပြနေပါသည်။ အမှန်တကယ် မြန်မာပြည်သူများ သာယာဝပြောမှသာ **'ဒီမိုကရေစီဝါဒ'** ကို ပုံဖော်နိုင်မည်ဆိုတာ သိလျက်နှင့် တိုးတက်ဖွံ့ဖြိုးရေး လမ်းစများကို ပိတ်ဆို့ထားပြီး **'လူပုဂ္ဂိုလ်ထင်ပေါ်ရေးဝါဒ'** သွတ်သွင်းအောင်မြင်မှသာ ဒီမိုကရေစီရမည်ဟု လမ်းလွဲကိုညွှန်ပေးနေသည်။ မိမိအသက်ရှင်နေသော ယခုလူ့သက်တမ်း နှစ်ပေါင်း ၄၀ အထိတော့ မြန်မာပြည်ကြီးကို အနောက်အုပ်စု၏ ကူညီစောင်မမှုများ မည်သည့်နေရာကမျှရရှိသည်ဟု မတွေ့ခဲ့ပါ။

တစ်ဖက်မှာ မြန်မာပြည်အတွက် ရပိုင်ခွင့်များကို အင်အားကြီးမားစွာ ပိတ်ပင်တားဆီးမှုများအပေါ် ပြည့်ပြည့်ဝဝ (Opaque)ဖြစ်အောင် ဖုံးကွယ်ပေးထားပြီး လူတစ်ယောက်စ၊ နှစ်ယောက်စက လုပ်ကိုင်ပြနေမှုများကို **'ကူညီချင်လွန်းလို့ ပါ'**၊ **'စေတနာရှိလွန်းလို့ပါ'** ဆိုသည့်ပုံစံဖြင့် သတင်းခေါင်းစီးကြီးများအသွင် ထုတ်လွှင့်နေသည်မှာ ကြည့်တတ်သူအဖို့ မြင်နေပါသည်။

အမှန်တော့ 'ကဏန်းညှပ်တာ လူမသိ' ဆိုသလို ဖြစ်နေသည်။ နိုင်ငံရေးလုပ်သော အစုအဖွဲ့တို့ကို မိမိတို့ဆီတွင် ပိတ်ပင်သည်၊ တားဆီး သည်ဟုဆိုသည်။ ဒါဆို ထိုနိုင်ငံရေးလုပ်သူ အစုအဖွဲ့တို့၏ သတင်းပလင်းများ ထွက်နေသော ပြောခွင့်ရ၊ ဖျူးခွင့်ရနေကြသော 'အပေါက်' များကို အရေးယူမှာပေါ့၊ ပိတ်ပင်တားဆီးမှာပေါ့။ သို့သော် ထိုသို့အရေးမယူ၊ မတားဆီးသည်ကို ထိုအသံလွှင့်ဌာနများ သိနေကြပါသည်။

'လွတ်လပ်စွာပြောဆိုခွင့်' ပေးထားသည်ကို သိလျက်နှင့် ကဏန်းလိုလည်း ညှပ်ထားသေး၊ သူကပင်နာလှချည်ရဲ့လို့ အော်လည်း အော်သေးဆိုသလို ဖြစ်နေသည်။

တကယ်တော့ အနောက်အုပ်စုကမွေးမြူထားသော အသံလွှင့်ဌာနများသည် မိမိတို့တိုင်းပြည်နှင့်လူထုကို အမြင်ဝေဝါးစေပြီး တစ်ဖက်မှ နိုင်ငံတော်အစိုးရ လုပ်ရပ်မှန်သမျှကို ဆန့်ကျင်ဘက် နိုင်ငံရေးလုပ်သော အစုအဖွဲ့တို့၏ **'ဝါဒဖြန့်ချိရေးဌာန'**များသာ ဖြစ်နေသည်။

နိုင်ငံ့ဝန်ထမ်းများ၏ လုပ်အားလုပ်ခများနှင့် ပတ်သက်၍လည်း ဝင်ငွေနည်းစဉ်က နည်းသလို မှိုင်းတိုက်သလို၊ ဝင်ငွေတိုးပြန်တော့လည်း ပုံစံတစ်မျိုးဖြင့် ဝါဒမှိုင်းတိုက် ထိုးနှက်ပြန်သည်။

ဘယ်လိုမှ အကောင်းမမြင်နိုင်ပါလားကွယ်ရို့။

လိုရင်းကို ပြောပါတော့မည်။

အနောက်မီဒီယာများက နိုင်ငံရေးလုပ်သည့် အစုအဖွဲ့များကို ကိုယ်စားပြု ဝါဒဖြန့်ပေးနေသော သတင်းပလင်းများ ဖြစ်သည့် တွေ့ဆုံဆွေးနွေးရေးတို့၊ လွှတ်တော်ခေါ်ပေးတို့၊ နှစ်ဆန်းတစ်ရက်တောင်းဆိုချက်တို့ကို သတင်းကြေညာပေးနေသည့် အချိန်နည်းနည်းလေးအတွင်း ထုတ်လွှင့်ပေးနေသည့် ထို Time Space များနေရာတွင် မြန်မာပြည်သူများ အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် ပိတ်ဆို့ရေးလမ်းကြောင်းများကို ပြန်ဖွင့်ပေးဖို့သာ လေလှိုင်းကြားမှ အသံလွှင့်သူတို့အနေဖြင့် သင်တို့၏ အရှင်သခင်များကို အရင်သိအောင် ကြေညာထုတ်လွှင့်ပေးပါဦးလား။

တားဆီးပိတ်ဆို့မှုများ ပွင့်လင်းလာသည်နှင့် ထပ်တူ မြန်မာပြည်သူတို့၏ သာယာဝပြောမှုများ ပြည့်စုံလာပါလျှင် ကျန်သည့်ရေးရာကိစ္စများအတွက် ထပ်အော်ပေးနေစရာမလိုဘဲ လွယ်ကူချောမွေ့စွာအဆင်ပြေလာမည်ကို တွေ့ရမည်သာ ဖြစ်သည်။ ။

မိမိတို့ ပြည်တွင်းမီဒီယာများအနေဖြင့် ကိုယ်နေထိုင်သည့်ဝန်းကျင်ကို ကိုယ်သာအသိဆုံးမို့ မမြင်မကြားရသည့်ဒေသမှာ နေထိုင်နေကြသည့် လူတစ်စုက ကိုယ့်ပြည်တွင်းမှဖြစ်ရပ်များအပေါ် ပုံပျက်ပန်းပျက် ဝေဖန် ထိုးနှက်နေမှုများအတွက် ရှင်းလင်းစွာတုံ့ပြန်ရေးသားရမည်မှာ 'မိမိတို့ မီဒီယာများ၏တာဝန်' ဖြစ်လာသည်။

အာရှလွတ်လပ်သော ကုန်သွယ်ရေးအုပ်စု ထူထောင်ရန် ဂျပန်နိုင်ငံမျှော်မှန်း စီစဉ်လျက်ရှိ

တိုကျို ဧပြီ ၈

ဒေသတွင်း စီးပွားရေးပူးပေါင်းရေးကို အထောက်အကူဖြစ်စေသည့် အာရှ၁၆နိုင်ငံ လွတ်လပ်သောကုန်သွယ်ရေး အုပ်စုထူထောင်ရန် ဂျပန်နိုင်ငံက စီစဉ်လျက်ရှိသည်။

ဤအုပ်စုတွင် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်မျှ အကျုံးဝင်ပြီး၊ ဥရောပသမဂ္ဂ(အီးယူ)နှင့် မြောက်အမေရိက လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီမှုအဖွဲ့(နက်ဖတာ)တို့ ပူးပေါင်းထားသည်ထက်ပင် လူဦးရေပိုများမည် ဖြစ်သည်။

ပါဝင်မည်

အာရှလွတ်လပ်သော ကုန်သွယ်ရေးစာချုပ်တွင် ကမ္ဘာပေါ်၌ စီးပွားရေး အမြန်ဆုံးတိုးတက်လာသည့် တရုတ်ပြည်နှင့် အိန္ဒိယနိုင်ငံတို့ ပါဝင်မည်ဖြစ်သည်။ ထို့ပြင် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် တောင်ကိုရီးယားတို့လည်း ပါဝင်မည်။

စီစဉ်ထား

ထိုကိစ္စနှင့် ပတ်သက်သည့် အဆိုကို ဧပြီ ၇ ရက်တွင် ထုတ်ပြန်ကြေညာရန် စီစဉ်ထားသည်။ ဂျပန်နိုင်ငံက စေ့စပ်ဆွေးနွေးမှုများကို ၂၀၁၀ ပြည့်နှစ်အပြီး ဆောင်ရွက်စေလိုကြောင်း ဂျပန်စီးပွားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဖူဂျီမိုတိုက ပြောကြားသည်။

သဘောတူ

ထိုအတောအတွင်း တရုတ်ပြည်က ၁၀ နိုင်ငံပါဝင်သည့် အာဆီယံနှင့် လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီမှုရရှိပြီး ဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဇင်ဘာဘွေရှိ စိုက်ပျိုးမြေများ ဆင်များဝင်ရောက်ဖျက်ဆီး

ဟာရာရေး ဧပြီ ၈

ယခုနှစ်သည် မိုးခေါင်မှုဒဏ် ခံနေရသော ဇင်ဘာဘွေနိုင်ငံအတွက် စိုက်ပျိုးရန် ကောင်းမွန်သော အချိန်ဖြစ်သော်လည်း ဆင်များဝင်ရောက် ဖျက်ဆီးခံရမှုကြောင့် ဒေသခံ လယ်သမားက သီးနှံအထွက်နှုန်း လျော့ကျသွားမည်ဟု သဘောပေါက် နားလည်ခဲ့ကြသည်။

ရရှိ

ဇင်ဘာဘွေ၏ နေရာအတော်များများ၌ ယခုနှစ်တွင် မိုးရေချိန် သာမန် သို့မဟုတ် သာမန်နှင့်အထက် ရရှိခဲ့သည်။

ပြောကြား

သို့သော် စိုက်ပျိုးမြေများတွင် ဆင်များဝင်ရောက် ဖျက်ဆီးခြင်းခံနေရသောကြောင့် စိုက်ပျိုးမြေများ ပျက်စီးခဲ့ရသည်ဟု ယင်းဒေသမှ အကြီးအကဲ နီကာတာတန်ဘီက မီယာသတင်းစာသို့ ဧပြီ ၆ရက်က ပြောကြားသည်။

ဆုံးရှုံး

ယခုနှစ်တွင် စိုက်ပျိုးသီးနှံများ အထွက်ကောင်းလိမ့်မည်ဟု အားလုံးသော ဒေသများက မျှော်လင့်ခဲ့ကြသည်။ သို့သော် ဆင်များ ဖျက်ဆီးခံရသောကြောင့် မျှော်လင့်ချက်များ ဆုံးရှုံးခဲ့ရသည်။ ဒေသခံများသည် စိုက်ပျိုးသီးနှံများအား ကာကွယ်စောင့်ရှောက်ရန်အတွက် လယ်ကွင်းများတွင်အိပ်၍ စောင့်ဆိုင်းနေရကြောင်း နီကာတာတန်ဘီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အာဖဂန်၌ ကားဗုံးပေါက်ကွဲ ကန်နိုင်ငံသား သုံးဦးဒဏ်ရာရ

ကဘူးလ် ဧပြီ ၈

အာဖဂန်နစ္စတန် တောင်ပိုင်း ဟယ်မန်ပြည်နယ်တွင် အသေခံကားဗုံးခွဲ တိုက်ခိုက်ခံရမှုကြောင့် အမေရိကန်နိုင်ငံသားသုံးဦး သောကြာနေ့က ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

ဟယ်မန်ပြည်နယ်ရှိ ပြည်နယ်ဆိုင်ရာ ပြန်လည်တည်ဆောက်ရေးအဖွဲ့ခြံဝင်း၏ အဓိကဝင်ပေါက်အပြင်ဘက်တွင် ကားဗုံးဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားစဉ် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး၊ အမေရိကန် ကန်ထရိုက်တာတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ အသေခံဗုံးခွဲသူမှာ ပေါက်ကွဲမှုကြောင့်သေဆုံးခဲ့ရပြီး အနီးရှိ ပစ်ကပ်ကားတစ်စီးနှင့် ဗုံးခွဲသူ၏ မော်တော်ယာဉ်မှာ ပျက်စီးသွားခဲ့ကြောင်း ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီဂျစ်နိုင်ငံ ကိုင်ရိုတွင် စုပေါင်းလက်ထပ်ပွဲ၌ ဇနီးမောင်နှံစုံတွဲ ၅၀၀ ပါဝင် ဆင်နွှဲနေသည်ကို ဧပြီ ၆ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဂျာမနီနိုင်ငံ ဟမ်းဘာ့ဂ်မြို့ အရှေ့တောင်ဘက်ရှိ အယ်လ်ဘီမြစ်ရေလျှံပြီး ဟစ်ဇာကာဒေသ၌ ရေလွှမ်းမိုးနေသည်ကို ဧပြီ ၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးသူ အင်ဒိုနီးရှား၌ ၂၄ ဦးရှိသွားပြီဟုဆို

ဂျကာတာ ဧပြီ ၇

အင်ဒိုနီးရှား ကျန်းမာရေးအရာရှိများက အသက် ၈ နှစ်အရွယ် မိန်းကလေးတစ်ဦးမှာ ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးခြင်းဖြစ်ကြောင်း ဧပြီ ၆ရက်က ထုတ်ဖော်ပြောကြားလိုက်သည်။

အင်ဒိုနီးရှားနိုင်ငံမှ ကြက်ခြေနီတပ်ဖွဲ့ဝင်တစ်ဦး ကြက်ငှက်တုပ်ကွေး ကာကွယ်ဆေးပက်ဖျန်းနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဗိုင်းရပ်စ်ပိုးမှာ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်စေသည့် H_5N_1 ဗိုင်းရပ်စ်ပိုးဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိပ်ချ်အို)က အတည်ပြုပေးသည်ဟုလည်း အင်ဒိုနီးရှား ကျန်းမာရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ မစ္စတာရူဆင်က ပြောဆိုသည်။

အဆိုပါမိန်းကလေးအပါအဝင် အင်ဒိုနီးရှားနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးသူပေါင်း ၂၄ ဦး ရှိသွားပြီ ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံမှ ပြည်နယ် ၃၃ ခုအနက် ပြည်နယ် ၂၆ ခုတွင် ကြက်ငှက်များ၌ H_5N_1ဗိုင်းရပ်စ်ပိုး တွေ့ရသည်ဆို၏။ **(အင်တာနက်)**

မသန်မစွမ်းဖြစ်နေသူ နီပေါနိုင်ငံသား အမြင့်မီတာ ၈၂၀၀ ရှိ တောင်သို့ တက်ရောက်မည်

ခတ္တမန္ဒူ ဧပြီ ၈

မသန်မစွမ်းဖြစ်နေသည့် နီပေါနိုင်ငံသား နာဝမ်ရာပါက အမြင့်မီတာ ၈၂၀၀ ရှိသော ချိုအိုယူတောင်ကို တက်ရောက်ရန် အစီအစဉ်ရှိသည်ဟု ကြေညာလိုက်ကြောင်း နီပေါရေဒီယိုက ဧပြီ ၅ ရက်တွင်ပြောကြားသည်။

အသက် ၃၅ နှစ်ရှိ ရာပါသည် ဧဝရက်တောင်တက်အသင်းက ဂုဏ်ပြုပွဲ အခမ်းအနားတွင် ၎င်း၏ အစီအစဉ်ကို ကြေညာခဲ့ခြင်းဖြစ်ကြောင်း ရေဒီယိုက ပြောကြားသည်။

ရာပါသည် မသန်မစွမ်းဖြစ်နေသော်လည်း ဧဝရက်တောင်ထိပ်သို့ ၂၀၀၄ ခုနှစ်က ပထမဆုံးတက်ရောက်ခဲ့ပြီး ၎င်း၏ တောင်တက်ခြင်းကို အသိအမှတ်ပြုစေခဲ့ပြီးဖြစ်သည်။

ရာပါသည် မတော်တဆမှုဖြစ်ပွားခဲ့ပြီးနောက် စတီးဖ်ဆာရာဒိုဆိုသူ အမေရိကန်တစ်ဦးက ၎င်းအားခြေတုတစ်စုံပေးခဲ့ရာ တောင်တက်ရန်အတွက် အားတက်လာကြောင်း ၎င်းက ပြောကြားသည်။

နီပေါယဉ်ကျေးမှု ခရီးသွားလုပ်ငန်းနှင့် မြို့ပြဝန်ကြီး ယန်ကီလာရာပါက ၎င်းအား ဂုဏ်ပြုသည့် အခမ်းအနားတွင် ၎င်း၏ သတ္တိနှင့် ရဲရင့်မှုတို့ကို ချီးကျူးလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ



ဂျာမနီနိုင်ငံ အရှေ့ပိုင်းရှိ မွေးမြူရေးခြံတွင် ယုန်မွေးမြူသူ တစ်ဦး၏ ခြံမှ ကြီးမားသောယုန်ကြီးတစ်ကောင်ကို ဧပြီ၆ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ အဝေးပြေးလမ်းမကြီး၏ အစိတ်အပိုင်း တရုတ်အနောက်တောင်ပိုင်းတွင် ဖွင့်လှစ်

ပေကျင်း မေ ၇

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီမာအိုမြို့မှ ရှာအိုမန်ယန်းမြို့သို့ ဆက်သွယ်ဖောက်လုပ်ထားသော အဝေးပြေးလမ်းမကြီးကို မေ ၆ ရက်က ဖွင့်လှစ်အပြီး တွေ့ရခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

ယင်းအဝေးပြေး လမ်းမကြီးသည် ယူနန်ပြည်နယ် ကူမင်းမြို့မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ဖောက်လုပ်မည့် နိုင်ငံတကာ အဝေးပြေးလမ်းမကြီး၏ အစိတ်အပိုင်းဖြစ်သည်။

တည်ဆောက်

အဆိုပါ နိုင်ငံတကာဆိုင်ရာ အဝေးပြေးလမ်းမကြီးဖောက်လုပ်ခြင်းကို ၂၀၀၇ခုနှစ်တွင် အပြီးဖောက်လုပ်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအဝေးပြေး လမ်းမကြီးသည် တရုတ်နှင့် အာဆီယံနိုင်ငံများ ဆက်သွယ်သွားလာရာတွင် အဓိက လမ်းမကြီး ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ



ဥရောပ၏အဆူညံဆုံးနိုင်ငံ အယ်လ်ဘေးနီးယားဖြစ် အဆူညံဆုံးမြို့တော် တီရာနာမြို့ဟုဆို

တီရာနာ မေ ၇

အယ်လ်ဘေးရီးယားနိုင်ငံသည် ဥရောပတွင် အဆူညံဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပြီး တီရာနာမြို့သည် ယင်းဒေသ၌ အဆူညံဆုံးမြို့တော်တစ်ခုဖြစ်ကြောင်း မေ ၅ ရက်က ထုတ်ပြန်သည့် လေ့လာချက်တစ်ရပ်တွင် ဖော်ပြပါရှိသည်။

နေ့ပိုင်းတွင် တီရာနာမြို့တော်၏ ဆူညံမှုအဆင့်သည် ၈၀ ဒီဘီအထိရှိပြီး အခြားဥရောပနိုင်ငံများတွင် ဆူညံမှုအဆင့်သည် ပျမ်းမျှ ၅၀ ဒီဘီသာလျှင် ရှိကြောင်း လေ့လာချက်တွင်ဖော်ပြပါရှိသည်။

ညဥ့်ပင်လျှင် တီရာနာမြို့၏ ဆူညံမှုအဆင့်သည် ၆၀ဒီဘီရှိပြီး အခြားဥရောပနိုင်ငံများ၏ ညဆူညံမှု အဆင့်မှာ ၄၀ဒီဘီသာလျှင်ရှိကြောင်း လေ့လာချက်အရသိရှိရသည်။

ဆူညံမှုဖြစ်ရသည့် အဓိကအကြောင်းရင်းမှာ ဟောင်းနွမ်းနေသော ယာဉ်များ တစ်စတစ်စများပြားလာပြီး လမ်းအခြေခံ အဆောက်အအုံများသည်လည်း ပျက်စီးနေခြင်းကြောင့်ဖြစ်ကြောင်း ကျွမ်းကျင်သူများက ထောက်ပြကြသည်။

ပျက်စီး

အယ်လ်ဘေးနီးယားနိုင်ငံတွင် လမ်းများပေါ်၌ ယာဉ်ပေါင်း ၃၀၀၀၀၀ ဝန်းကျင်ရှိနေပြီး တီရာနာမြို့တွင်နေ့စဉ်ယာဉ်အစီး ၁၀၀၀၀၀ ကျော်သွားလာလျက်ရှိကြောင်း စာရင်းဇယားများအရသိရှိရသည်။ ၎င်းတို့အနက်အများစုမှာ ဟောင်းနွမ်းချို့ယွင်းနေသည့် တစ်ပတ်ရစ်ယာဉ်များဖြစ်ကြပြီး လမ်းများကလည်း ချိုင့်များတွင်းများနှင့် ဖြစ်နေကာ လမ်းဆုံများ၌လည်း ယာဉ်များဖရိုဖရဲပိတ်ဆို့မှုဖြစ်စေသည့်လမ်းအချက်ပြမီးများမှာ ပျက်စီးချို့ယွင်းလျက်ရှိကြောင်းလေ့လာချက်တွင် ဖော်ပြပါရှိသည်။

၎င်းပြင် အယ်လ်ဘေးနီးယား ကားမောင်းသူများသည် ဟွန်းသံဆူဆူညံညံတီးသည့် အလေ့ရှိပြီး ဆယ်တန်အထက် ယာဉ်များကို မြို့တွင်းဝင်ခွင့်ပေးထားခြင်းမှာလည်း ဆူညံမှုကို ဖြစ်စေကြောင်း ကျွမ်းကျင်သူများကပြောကြားသည်။ ၎င်းတို့က အကြီးစားပြုပြင်ပြောင်းလဲမှုများကို တရားဝင်ပြုလုပ်ရန် အစိုးရကို တိုက်တွန်းပြောကြားခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဂိုချောက်တောင် တရုတ်ပြည်သို့ သွားရောက်မည်

ပေကျင်း မေ ၇

စင်ကာပူဝါရင့်ဝန်ကြီး ဂိုချောက်တောင်သည် တရုတ်ပြည်သို့ မေ ၁၂ ရက်မှ ၁၈ ရက် အထိလာရောက်လည်ပတ်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပေကျင်းမြို့၌ ကြာသပတေးနေ့က ပြောဆိုသည်။

တွေ့ဆုံ

တရုတ်ခရီးစဉ်အတွင်း မစ္စတာဂိုသည် တရုတ်ဝန်ကြီးချုပ်ဝမ်ကြားပေါင်၊ တရုတ်ပြည်သူ့ နိုင်ငံရေးအတိုင်ပင်ခံ အမျိုးသားကော်မတီဥက္ကဋ္ဌ ကျကင်လင်း၊ နိုင်ငံတော်ကောင်စီဝင် တန်ကြားရှန်တို့နှင့် တွေ့ဆုံမည်ဖြစ်သည်။

သွားရောက်

မစ္စတာဂိုသည် တရုတ်အစိုးရဧည့်သည်အဖြစ်ဖြင့် တရုတ်ပြည်ကျန်စုပြည်နယ်သို့ သွားရောက်မည် ဖြစ်သည်။

မကြာမီ နှစ်များအတွင်းတွင် တရုတ်-စင်ကာပူနှစ်နိုင်ငံဆက်ဆံရေးမှာ အရှိန်အဟုန်ရရှိလာမည် ဖြစ်သည်ဆို၏။

အမ်အင်အေ၊ဆင်ဟွာ

ကြက်ငှက်တုပ်ကွေးပိုင်းရပ်စ်ပိုးကို ပဲပိစပ်ဖြင့် ကုစားနိုင်မည်

တိုကျို မေ ၇

မျိုးရိုးဗီဇသန္ဓေ ပြောင်းလဲတတ်သည့် ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်စ်ပိုးကို အချဉ်ဖောက်ထားသည့် ပဲပိစပ်ကို အသုံးပြု၍ ရိုးရိုးလေးနှင့် စရိတ်အကုန်အကျနည်းစွာဖြင့် ကုစားနိုင်ကြောင်း ဂျပန်သုတေသနအဖွဲ့က မေ ၄ ရက်က ကြေညာသည်။

၎င်း သုတေသနအဖွဲ့သည် လုပ်ဖော်ကိုင်ဖက်များနှင့်အတူ ဗိုင်းရပ်စ်ပိုးများ၏ ဗီဇသန္ဓေပြောင်းလဲမှု တုံ့ပြန်ချက်များကို သိရှိရန် လူမှလူသို့ ပြောင်းလဲကူးစက်နိုင်သည့် ဖြစ်နိုင်ခြေရှိသော ပုံသဏ္ဌာန်အသစ်အတွင်း ထည့်သွင်းစမ်းသပ်ခဲ့ကြောင်း ရှီဇူအိုကာတက္ကသိုလ် ဆေးဝါးသိပ္ပံဆိုင်ရာကျောင်းမှ ပါမောက္ခ တာကာရှီဆူဇူကီးက ပြောကြားသည်။

၎င်းတို့၏ လက်တွေ့သုတေသနတွင် စမ်းသပ်ပြား၏ မျက်နှာပြင်ပေါ်တွင် လူများနှင့် ငှက်များမှ ဆဲလ်များကို ထားရန် ပဲပိစပ်တွင် စေးကပ်သည့် ဒြပ်များကိုအသုံးပြုခဲ့ပြီး ဗိုင်းရပ်စ်၏ ပုံသဏ္ဌာန်ပြောင်း မပြောင်းကို သိရှိရန် ဗိုင်းရပ်စ်များကို ဆဲလ်များပေါ်တွင် ထားခဲ့ကြောင်း ယိုမိယူရီရှင်ဘွန်းသတင်းစာက မေ ၅ ရက်တွင် ဖော်ပြသည်။

ပိုမိုထိရောက်

ယခုနည်းလမ်းသည် သမားရိုးကျနည်းလမ်းထက် ပိုမိုထိရောက်မှုရှိကြောင်း ဆူဇူကီးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ



ကမ္ဘာတစ်လွှား ထူးထူးခြားခြား

စပရင်ကန်အားပြုတိုင်ချောင်းများဖြင့် မြစ်အတွင်းအရှည်ဆုံးခရီးသွားသူ

တိုင်ချောင်း၏ ခြေနင်းပေါ်တွင် ရပ်၍ တိုင်အောက်ခြေပါစပရင်ကန်အားဖြင့် ခုန်ပေါက်သွားပြီးနောက် အက်ရှရီတာအားတွေ့ရစဉ်။ (ယာပုံ)

မက်ဆားချူးဆက်စ်ပြည်နယ်ရှိ ပေါလ်မြစ်အတွင်း စပရင်ကန်အားပြုတိုင်ချောင်းများအသုံးပြုကာ ရေထဲမှ နေ၍ ၁၂ မိုင်ကျော်ခရီးဝေးအောင် လမ်းလျှောက်ခဲ့သူမှာ အက်ရှရီတာဖြစ်ပြီး ၎င်းသည် အဆိုပါကိရိယာဖြင့် ဂျပန်နိုင်ငံဖူဂျီတောင်ထိပ်သို့လည်း အောင်မြင်စွာတက်ရောက်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

အမြင့်ဆုံးစကိတ်စီးခုန်ချသူ

အမြင့်ဆုံး စကိတ်စီးခုန်ချနေသူတစ်ဦးကိုလေထဲတွင်တွေ့ရစဉ်။ (ဝဲပုံ)

အမေရိကန်နိုင်ငံ လပ်စ်ဗီးဂတ်မြို့ ဟက်ဒ်ရော့ ဟိုတယ်ပေါ်မှ စကိတ်စီးသမားဒန်နီဝေးက စကိတ်စီးပြီး ခုန်ချပြခဲ့ရာ အမြင့် ၅၆ ပေတွင် စကိတ်ပြားများကို လေထဲတွင် ချွတ်ကာ အလွတ်တမ်း မြေပြင်သို့ ဆင်းနိုင်ခဲ့ကြောင်း သိရသည်။ ၎င်းသည် ကမ္ဘာပေါ်တွင် အမြင့်ဆုံး စကိတ်စီးခုန်ချနိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရမည် ဖြစ်သည်။

(အင်တာနက်)

ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် သင်တန်းများဆင်းပွဲတက်ရောက် သင်တန်း၌ ထူးချွန်သူများအား ဆုများပေးအပ်ချီးမြှင့်

ရန်ကုန် ဧပြီ ၈

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည် ယမန်နေ့ညနေ ၃ နာရီတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁)ရပ်ကွက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ကျင်းပသော စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ်(၂၆)၊ အဆင့်မြင့်အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၀)၊ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၁)၊ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ် (၄၀)နှင့် (၄၁)သင်တန်း များဆင်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး (အပေါ်ပုံ) **သင်တန်းထူးချွန်ဆုများချီးမြှင့်သည်။**

ယင်းသင်တန်းဆင်းပွဲသို့ ယင်းဝန်ကြီးဌာနမှဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းထွန်းနှင့်ဦးစီးဌာနများမှညွှန်ကြားရေးမှူးချုပ်များ၊ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ညွှန်ကြားရေးမှူးများ၊ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသူများတက်ရောက်ကြသည်။

အခမ်းအနားတွင်ဝန်ကြီးဗိုလ်မှူးကြီး သိန်းညွန့်က နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသ လူ့စွမ်းအင် အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ကျရာကဏ္ဍမှ တက်ကြွစွာပါဝင်ဆောင်ရွက်ရေး၊ အိမ်တွင်းမှုအတတ်ပညာဖြင့် နယ်စပ်ဒေသနှင့် မဖွံ့ဖြိုးသေးသောဒေသရှိ တိုင်းရင်းသူများအား အသက်မွေးဝမ်းကျောင်းပညာများသင်ကြားပေးရေးနှင့်စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ထို့နောက်ဝန်ကြီးသည်သင်တန်းများတွင် ထူးချွန်ဆုများ အသီးသီး ချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသူခေါင်းဆောင်များသို့ ပေးအပ်သည်။

စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ်(၂၆) တွင် သင်တန်းသူ ၃၀၊ အဆင့်မြင့်အိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၁၀)တွင် သင်တန်းသူ ၂၀၊ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁) တွင် သင်တန်းသူ ၂၁ ဦး၊ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ် (၄၀)တွင် သင်တန်းသူ ၆၀၊ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ် (၄၁)တွင် သင်တန်းသူ ၂၄ ဦး၊ စုစုပေါင်း သင်တန်းသူ ၁၅၅ဦးတက်ရောက်အောင်မြင်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၀ ပတ်ဖြစ်သည်။

သင်တန်းဆင်းပွဲအပြီးတွင်ဝန်ကြီးနှင့်အဖွဲ့သည် အဆင့်မြင့်အိမ်တွင်းမှုသင်တန်းနှင့် အခြေခံအိမ်တွင်းမှု သင်တန်းခန်းမသို့ရောက်ရှိပြီး အိမ်တွင်းမှုသင်တန်းသူများစက်ချုပ်ကျွမ်းကျင်မှု သရုပ်ပြသခြင်းအား ကြည့်ရှုပြီး ချုပ်လုပ်ထားသည့် လက်ရာပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

မြန်မာ့ယဉ်ကျေးမှုသကြိန်

- * အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- * သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- * အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှု သကြိန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည် ဂက်စ်ဘူးဖြင့် ကစားက

၁။	လက်ဝယ်တွေ့သူ	-	ထောင်(၁)နှစ်
၂။	ကစားသူ	-	ထောင်(၃)နှစ်
၃။	ထုတ်လုပ်ရောင်းချသူ	-	ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

နိုင်ငံတော် အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၆ ခုနှစ် ဧပြီလအတွက်

(၉-၄-၂၀၀၆)ရက်နေ့ နှင့် (၃၀-၄-၂၀၀၆)ရက်နေ့

ပေါင် ၃၅၀ကျော် ဥက္ကာပျံခဲ လေလံတင်ရောင်းချမည်

အာဂျင်တီးနားနိုင်ငံ ကင်ပိုဒယ်စီလိုတောင်ကြားမှ တွေ့ရှိခဲ့သော ဥက္ကာပျံခဲကြီးကို တွေ့ရခြင်းဖြစ်သည်။ (ယာပုံ)

ယင်းဥက္ကာပျံခဲကြီးမှာ အလေးချိန်အားဖြင့် ၃၅၅ပေါင်လေးပြီး သံကဲ့သို့ မာကြောသည်ဟု ဆိုသည်။

ဥက္ကာပျံခဲများကို လိုက်လံဝယ်ယူသူများအနေဖြင့် ၎င်းဥက္ကာပျံခဲကို လေလံဝယ်ယူခွင့် အခွင့်အလမ်းတစ်ရပ်ရရှိမည်ဖြစ်ကြောင်း ဥက္ကာပျံခဲ စုဆောင်းသူ မာကိုဗစ်က ပြောကြားသည်။

အဆိုပါဥက္ကာပျံခဲကြီးကို နယူးယောက်မြို့၌ မကြာမီလေလံတင် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ (ကိုးကား-အင်တာနက်)



ယူရေးနပ်ဂြိုဟ်၌ အပြာရောင်ကွင်းတွေ့ရ

မိမိတို့၏ နေအဖွဲ့အစည်း၏ ဂြိုဟ်ကြီးကိုးလုံးအနက် သတ္တမမြောက်ဂြိုဟ်ဖြစ်သော ယူရေးနပ်ဂြိုဟ်တွင် အပြာရောင်ကွင်းတစ်ခုဖြစ်ပေါ်နေသည်ကို တွေ့ရကြောင်း နက္ခတ်ဗေဒပညာရှင်များက ပြောကြားသည်။

(အပေါ်ပုံ)

ယင်းဂြိုဟ်၏ အပြာရောင်ကွင်းမှာ စေတန်ဂြိုဟ်ရှိ အပြာရောင်ကွင်းများကဲ့သို့ဖြစ်ပြီး သေးငယ်သောအရံလတစ်စင်းတည်ရှိနိုင်ကြောင်း ၎င်းကပညာရှင်များအား ပြောကြားသည်။

အဆိုပါဂြိုဟ်၏ သေးငယ်သော အမှုန်များသည် ရောင်ပြန်ဟပ်ကာ အပြာရောင်ကွင်းကို ဖြစ်ပေါ်စေခဲ့သည်ဟု အမေရိကန်နက္ခတ်လေ့လာရေးအဖွဲ့က သိပ္ပံဂျာနယ်တစ်စောင်သို့ ပြောကြားသည်။

ဂျူပီတာ၊ စေတန်၊ယူရေးနပ်နှင့် နက်ပကျွန်းဂြိုဟ်များ၏ကွင်းများအားလုံးသည်ယင်းတို့၏ဝန်းကျင်ရှိအမှုန်သေးများနှင့်အမှုန်အကြီးစားများဖြင့် ဖွဲ့စည်းဖြစ်ပေါ်နေသော အရာများပင် ဖြစ်သည်။ **(ကိုးကား-အင်တာနက်)**

ပါကစ္စတန်ကျောက်ခေတ်လူသားများ၏သွားပြုပြင်ရန် မီးခတ်ကျောက်သုံး နူးဆောက်များအသုံးပြုခဲ့

ပါကစ္စတန်နိုင်ငံရှိ ကျောက်ခေတ် လူသားများသည် လွန်ခဲ့သောအနှစ် ၉၀၀၀က မီးခတ်ကျောက်များဖြင့် ပြုလုပ်ထားသည့် သွားအသုံးပြုစူးဆောက်များပြုလုပ်ခဲ့ကြကြောင်း သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြသည်။

(ယာပုံ)

ပါကစ္စတန်နိုင်ငံ ဘာလူချီစတန်ပြည်နယ် မက်ဂါ့ချ်ဒေသရှိ ကျောက်ခေတ်လူသား အုတ်ဂူတစ်ခုအတွင်းမှ အဆိုပါသွားကိုတွေ့ရှိခဲ့ခြင်းဖြစ်ပြီး လွန်ပူများ၏အရာများကို ရှင်းလင်းစွာ တွေ့ရသည်။

ထိုခေတ်က လူသားများသည် သွားကိုက်ရောဂါဝေဒနာခံစားရစဉ် အဆိုပါမီးခတ်ကျောက်သုံးလွန်ပူများကိုအသုံးပြုခဲ့ရကြောင်း သွားကျွမ်းကျင်ပညာရှင်များက လေ့လာဆန်းစစ်ခဲ့သည်။ စုစုပေါင်းလွန်ပူများဖြင့် ထိုးဖောက်ထားသော သွား၁၁ချောင်း တွေ့ရှိခဲ့ကြောင်း၊ သွားလေးချောင်းမှာ လွန်ပူများနှင့်ထိုးဖောက်ထားသည်ကို တွေ့ရကြောင်း၊ မီးခတ်ကျောက်သုံးလွန်ပူများကိုအဆိုပါ ဒေသ၌ ပေါများစွာတွေ့ရှိရကြောင်း၊ အရိုးပုတီးများကိုလည်း ယင်းဒေသ၌တွေ့ ရှိရကြောင်း သုတေသီများက ပြောကြားသည်။



မက်ဂါ့ချ်ဒေသသည် အာဖဂန်နစ္စတန်နှင့် အင်ဒပ်တောင်ကြား၌ တည်ရှိသည်။၎င်းသုတေသနအဖွဲ့ကို ပြင်သစ်နိုင်ငံ ပွိုင်တာတက္ကသိုလ်မှ ရောဘတ်တိုမက်ချီယာရီလီက ဦးဆောင်ခဲ့ကြောင်း သိရသည်။

(ကိုးကား-အင်တာနက်)

တရုတ်ခရီးသွားမယ်၏ အလှ

တရုတ်နိုင်ငံ ဇီကျန်းပြည်နယ်အရှေ့ပိုင်း ရှီတန် ရှေးဟောင်းမြို့၌ ဧပြီ ၇ ရက်က နိုင်ငံတကာ ခရီးသွားအလှမယ်ပြိုင်ပွဲတစ်ရပ် ကျင်းပခဲ့သည်။

အဆိုပါ နိုင်ငံတကာခရီးသွားမယ် ပြိုင်ပွဲတွင် ယူချန် ရန်းက နိုင်ငံတကာ ခရီးသွားအလှမယ်ဆုနှင့် ရှီတန်ခရီးသွားအလှမယ်ဆု နှစ်ခုစလုံးဆွတ်ခူးသွားခဲ့သည်။ (အောက်ပုံ)

ထိုနေ့က အဆိုပါ နိုင်ငံတကာ ခရီးသွားအလှမယ်ပြိုင်ပွဲတွင် တရုတ်နိုင်ငံ တစ်ဝန်းလုံးမှ ခရီးသွားအလှမယ် ဆန်ခါတင်ရွေးချယ်ထားသည့် ပြိုင်ပွဲဝင် ၃၉ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

(ကိုးကား-အင်တာနက်)

အင်တာနက် သတင်းနှင့် ဓာတ်ပုံများ

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ် မြမြစန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ မြန်မာသံရုံးနှင့် စစ်သံရုံးဝန်ထမ်းများအားတွေ့ဆုံ

ရန်ကုန် ဧပြီ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဧပြီ ၄ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၅၅ မိနစ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ မြန်မာသံရုံးသို့ရောက်ရှိကြရာ သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက ကြိုဆိုကြသည်။

နှုတ်ဆက်စကားပြောကြား

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မော်စကိုမြို့ရှိ မြန်မာသံရုံးတွင် သံရုံးဝန်ထမ်းများနှင့် မိသားစုများ၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများအား နှုတ်ဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် သံရုံးဝန်ထမ်းများနှင့် မိသားစုများ၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများအား တွေ့ဆုံ၍ နှုတ်ခွန်းဆက်စကားပြောကြားသည်။

ကျေပွန်စွာထမ်းဆောင်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သံရုံးဝန်ထမ်းများနှင့် မိသားစုများ၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ၂၀၀၆ ခုနှစ် ဧပြီ ၂ ရက်မှ စတင်ခဲ့သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်နှင့်ပတ်သက်၍လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့၏ အစဉ်အလာဆက်ဆံရေးနှင့် ချစ်ကြည်ရေးမြှင့်တင်သွားမည့် အခြေအနေများကိုလည်းကောင်း၊ တပ်မတော်ဆိုင်ရာ ဌာနများနှင့် ဝန်ကြီးဌာနများကို နေပြည်တော်မြို့တော်သို့ ပြောင်းရွှေ့ခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ အဆင့်ဆင့်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်နှင့် ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကျင်းပပြီး အခြေခံဥပဒေသစ်ရေးဆွဲရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့် မူများချမှတ်ရန် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ ပြည်သူများစားဝတ်နေရေးဖူလုံမှုနှင့် ပြည်သူများပညာရည်မြင့်မားမှုတို့ လိုအပ်ပုံကိုလည်းကောင်း၊ ထိုအခြေအနေများပြည့်စုံစေရအောင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းပြည်ပ အဖျက်အန္တရာယ်များကြားက ကြိုးပမ်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅) ရပ်တို့ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည့် အခြေအနေနှင့်စပ်လျဉ်း၍လည်းကောင်း အကျယ်တဝင့်ရှင်းလင်းပြောကြားပြီး သံရုံး၊ စစ်သံရုံးဝန်ထမ်းများအနေဖြင့် ရောက်ရာဒေသတွင် မိမိတို့လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့အား သံရုံးဝန်ထမ်းများနှင့် မိသားစုများ၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက မြန်မာနှစ်သစ်ကူးအကြို မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံနှင့်အညီ ကန်တော့ကြသည်။

လက်ဆောင်ပစ္စည်းပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လက်ဆောင်ပစ္စည်းများကိုပေးအပ်ရာ သံရုံးဝန်ထမ်းများနှင့် မိသားစုများအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်စိုးသို့ လည်းကောင်း၊ စစ်သံရုံး ဝန်ထမ်းများနှင့် မိသားစုများအတွက် စစ်သံမှူး ဗိုလ်မှူးချုပ်ထွန်းထွန်းသို့လည်းကောင်း ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား သံအမတ်ကြီးနှင့် ဇနီးတို့က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မော်စကိုမြို့ရှိ မြန်မာသံရုံးတွင် သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဂုဏ်ပြုညစာစားပွဲပြီးနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် President Hotelသို့ ပြန်လည်ရောက်ရှိ ရပ်နားကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ အဆင့်ဆင့်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်နှင့် ပထမ အဆင့်ဖြစ်သော အမျိုးသားညီလာခံကျင်းပပြီး အခြေခံဥပဒေသစ်ရေးဆွဲ ရေးအတွက် အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့် မူများချမှတ်ရန် ဆောင်ရွက်လျက်ရှိ။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား Tyazhpromexport ဥက္ကဋ္ဌ ဂုဏ်ပြုနေ့လယ်စာတည်ခင်း

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ တိုက်ပရွန်အိပ်စ်ပို့တ်ဥက္ကဋ္ဌ Mr. Ulyanov က မော်စကိုမြစ်အတွင်း ရေပေါ်ဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာ စားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။
(သတင်းစဉ်)

ရန်ကုန် ဧပြီ ၈

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ တိုက်ပရွန်အိပ်စ်ပို့တ် (Tyazhpromexport) ဥက္ကဋ္ဌ Mr. Ulyanov က ဧပြီ ၄ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ကရင်မလင်နန်းတော်အနီး မော်စကိုမြစ်အတွင်း ရေပေါ်ဟိုတယ် Floating Restaurant ၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းနှင့်ဇနီးဒေါ်မြင့်မြင့်စိုး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ၊ တပ်မတော်အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်စိုး၊ စစ်သံမှူး ဗိုလ်မှူးချုပ်ထွန်းထွန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

ဂုဏ်ပြုနေ့လယ်စာသုံးဆောင်အပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မော်စကိုမြို့ရှိ ကရင်မလင်နန်းတော်ပြတိုက်များကို သွားရောက်၍ လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဦးစီးချုပ် ကာကွယ်ရေးဝန်ကြီးဌာန ပထမ-ဒုတိယဝန်ကြီး General. Y. N. Baluevsky တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

တက်ရောက်

ထိုသို့ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ရုရှားဖက်ရေးရှင်းနိုင်ငံဆိုင်ရာ စစ်သံမှူး ဗိုလ်မှူးချုပ်ထွန်းထွန်းတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဦးစီးချုပ် ကာကွယ်ရေးဝန်ကြီးဌာန ပထမ-ဒုတိယဝန်ကြီး General. Y.N Baluevsky နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံတပ်မတော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အမှတ်တရပစ္စည်းများပေးအပ်

တွေ့ဆုံဆွေးနွေးပွဲ အပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဦးစီးချုပ် ကာကွယ်ရေးဝန်ကြီးဌာန ပထမ-ဒုတိယဝန်ကြီး General. Y.N Baluevsky တို့သည် အမှတ်တရပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဦးစီးချုပ် ကာကွယ်ရေးဝန်ကြီးဌာန ပထမ-ဒုတိယဝန်ကြီး General, Y. N. Baluevsky တို့ အမှတ်တရပစ္စည်းများ အပြန်အလှန်ပေးအပ်ကြစဉ်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဒဂုံအရှေ့စက်မှုမြို့ သစ်အခြေခံစက်ရုံ(၂)ဖွင့်ပွဲတက်ရောက်

ရန်ကုန် ဧပြီ ၈

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်သည် ယနေ့ညနေပိုင်းတွင် ဒဂုံအရှေ့စက်မှုမြို့၊ ကောင်းမြတ် သစ်အခြေခံစက်ရုံ(၂) ဖွင့်ပွဲအခမ်းအနားကို တက်ရောက်အားပေးသည်။ ရှေးဦးစွာတာဝန်ရှိသူများက စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဝန်ကြီးက စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်တာဝန်ရှိသူများသည် စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်နေမှုများကို ကြည့်ရှုသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ ကောင်းမြတ်ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်မြင့်က စက်ရုံ တည်ဆောက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်ကို စက်မှုနိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် သစ်အခြေခံစက်မှုလုပ်ငန်းသည် တစ်ဖက်တစ်လမ်းမှ ပါဝင်ကြောင်း စက်ရုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါစက်ရုံသည် ကျွန်း၊ ပျဉ်းကတိုး၊ ယမနေ၊ အင်ကညင်သစ်များကိုခွဲစိတ်၍ တန်ဖိုးမြင့် သစ်အချောထည်များအနေဖြင့် အာရှနှင့်အနောက်နိုင်ငံများသို့ တင်ပို့မည်ဖြစ်ပြီး ရင်းနှီးငွေ အမေရိကန်ဒေါ်လာ သုံးသိန်းနှင့် မြန်မာငွေကျပ် သိန်းပေါင်း ၆၀၀၀ ကျော် မတည်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့သို့ရောက်ရှိခဲ့

ရန်ကုန် ဧပြီ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ တပ်မတော်အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်စိုးနှင့် ဇနီး ဒေါ်မြင့်မြင့်သိန်း၊ စစ်သံမှူး ဗိုလ်မှူးချုပ်ထွန်းထွန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Oleg V.Kabanov လိုက်ပါလျက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် ဧပြီ ၅ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် မော်စကိုမြို့ရှိ Vnukovo-2 လေဆိပ်သို့ ရောက်ရှိကြသည်။

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. A.Y. Alekseevတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြပြီးနောက် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားသီချင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားသီချင်းတို့ကို တီးမှုတ်သည်။

နှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ ပို့ဆောင်နှုတ်ဆက်ကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများအား နှုတ်ဆက်သည်။

ဆက်လက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား နှုတ်ဆက်သည်။

ဂုဏ်ပြုတပ်ဖွဲ့အလေးပြုခြင်းခံယူ

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.A.Y.Alekseevတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူကြသည်။

တာဝန်ရှိသူများကြိုဆို

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ စိန့်ပီတာစဘတ်မြို့သို့ ရောက်ရှိရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူးရုံးတို့မှ တာဝန်ရှိသူများက ကြိုဆိုကြစဉ်။

(သတင်းစဉ်)

ဂုဏ်ပြုတပ်ဖွဲ့ အလေးပြုခြင်းခံယူ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. A.Y. Alekseev တို့ မော်စကိုမြို့ Vnukovo-2 လေဆိပ်တွင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။

(သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် အထူးလေယာဉ်သို့ ထွက်ခွာကြရာ လေယာဉ်လှေကားထိပ်မှ ရုရှားအမျိုးသမီးတစ်ဦးက ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်းအား ဂုဏ်ပြုပန်းစည်းကို ဂါရဝပြုပေးအပ်သည်။

ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. A. Y. Alekseevက လေယာဉ်လှေကားအထိ လိုက်ပါပို့ဆောင် နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား သယ်ဆောင်ပျံသန်းလာသော အထူးလေယာဉ်သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ Pulkovo-I Airport Zone A သို့ ရောက်ရှိသည်။

တာဝန်ရှိသူများကြိုဆို

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူးရုံးတို့မှ တာဝန်ရှိသူများက စိန့်ပီတာစဘတ်မြို့ Pulkovo-I Airport Zone A ၌ ကြိုဆိုကြသည်။

ရောက်ရှိရပ်နား

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ရှိ ခေတ္တတည်းခိုမည့် Hotel Astoriaသို့ ရောက်ရှိရပ်နားကြသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၄-၂၀၀၆
(တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ရှုမငြီးစရာပုသိမ်ထီးကမ္ဘာ
၇း၁၅	Sunday Talk [ဦးမျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို(စက်မှုတက္ကသိုလ်)]
၈း၁၀	ခါသကြိန်အဆိုအက
၈း၁၅	ပြည်တွင်းသတင်းအကျဉ်း
၈း၂၅	နေသားတကျအရေပြားအလှ (အသားအရေထိန်းသိမ်းခြင်း)
၈း၄၀	ခါသကြိန်အဆိုအက
၈း၄၅	မိုးလေဝသခန့်မှန်းချက်
၈း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၅၅	ခါသကြိန်အဆိုအက
၉း၀၀	Myanmar Video Rhythm
၉း၄၅	ခါသကြိန်အဆိုအက
၉း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၀၀	မြန်မာပြည်နေ့ရက်များ ဓာတ်ပုံပြပွဲ
၁၀း၁၀	ခါသကြိန်အဆိုအက
၁၀း၁၅	ကျွန်းသင်းသတ်ခြင်းလုပ်ငန်း
၁၀း၂၅	နိုင်ငံတကာအနုပညာရေးရာ(၁)
၁၀း၄၅	ခါသကြိန်အဆိုအက
၁၀း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၅၅	မီးအပူပေးပြုပြင်ခြင်းနည်းပညာ
၁၁း၁၀	ခါသကြိန်အဆိုအက
၁၁း၁၅	ရော်ဘာကြိတ်လုံး ထုတ်လုပ်ပုံအဆင့်ဆင့်
၁၁း၂၅	သစ်သီးဝလံပေါပြည့်ဝေဆာတို့မြေမှာ (ကျွဲကောသီး)
၁၁း၃၅	ခါသကြိန်အဆိုအက
၁၁း၄၀	ကျောက်မီးသွေးအကြောင်း သိကောင်းစရာ
၁၁း၅၀	လတန်ရူးပေမို့
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၅း၀၀	EPL ပွဲကြိုသုံးသပ်ချက်	5-Sports
၅း၂၅	Aston Villa -West Brom	5-Cartoons (Live)
၅း၂၅	Chelsea-West Ham	5-Sports(Live)
၇း၃၀	Liverpool-Bolton	5-Sports(Live)
၉း၃၀	Man U-Arsenal	5-Sports(Live)
၁၁း၃၀	Final Score	5-Sports(Live)

Series-A ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၇း၃၀	AC Milan -Chievo	5-Cartoons (Live)
၁း၀၀	Juventus-Fiorentina	5-Sports(Live)

ဆင်တောင်ဆရာတော် ၁၀ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၈

မကွေးမြို့ မြသလွန်ဘုရားအနီး ဇမ္ဗူအေးရိပ်သာတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝိပဿနာ ၁၀ ရက် စခန်းပွဲကို ၁၃၆၇ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၄ ရက် (ဧပြီ ၁၁ ရက်) အင်္ဂါနေ့မှ တန်ခူးလပြည့်ကျော် ၉ ရက် (ဧပြီ ၂၀ ရက်) သောကြာနေ့အထိ ဆင်တောင်ဆရာတော် ဦးဓမ္မာစာရ ကိုယ်တိုင် ဖွင့်လှစ်ပြသမည်ဖြစ်သည်။

တရားအားထုတ်မည့် ယောဂီများနှင့် လှူဒါန်းလိုသူ အလှူရှင်များသည် တရားစခန်းပွဲဖြစ်မြောက်ရေးအဖွဲ့ ဇမ္ဗူအေးရိပ်သာ မကွေးမြို့ ဖုန်း-၀၆၃-၂၃၄၄၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ကြက်ငှက် တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့မှုများ

ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှ လူသို့ကူးစက်နိုင်သော ရောဂါတစ်ခုဖြစ်ပြီး ၂၀၀၃ခုနှစ် ဒီဇင်ဘာလမှ စတင်၍ အာရှနိုင်ငံ၁၅နိုင်ငံနှင့်ကမ္ဘာ့အခြားဒေသနိုင်ငံ ၃၃နိုင်ငံ စုစုပေါင်း၄၈နိုင်ငံတွင် ပျံ့နှံ့ဖြစ်ပွားခဲ့ရာ ၂၀၀၆ခုနှစ် မတ်လကုန်အထိ လူပေါင်း၁၈၆ဦး၌ ကူးစက်ဖြစ်ပွားမှုကြောင့် လူ၁၀၅ဦးအသက်ဆုံးရှုံးစေခဲ့သည်။

၂။ မြန်မာနိုင်ငံ၏အခြေအနေ

မြန်မာနိုင်ငံတွင် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ မတ်လဆန်းအထိ ကာလအတွင်း စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်း အချို့မြို့နယ်များ၌ ကြက်ငှက်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုအချို့ ဖြစ်ပွားခဲ့ပါသည်။ ၂၀၀၆ခုနှစ် မတ်လ ပထမပတ်အတွင်း သံသယဖြစ် ကြက်ခြံများမှ ကြက်များ၏ရောဂါနမူနာပစ္စည်းများ ရယူ၍ ဓာတ်ခွဲခန်းစမ်းသပ်စစ်ဆေးမှုအရ အဆင့်ဆင့်စစ်ဆေးမှုပြုလုပ်ခဲ့ရာ ကြက်ငှက်တုပ်ကွေးရောဂါပိုး H_5N_1 ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။ မတ်လကုန်အထိ မွေးမြူရေးခြံ ၅၆ ခြံမှ ရောဂါနမူနာပေါင်း၄၆၀ ခုကိုစစ်ဆေးခဲ့ရာ ရောဂါနမူနာ ၃၀ခု၌ ကြက်ငှက်တုပ်ကွေးရောဂါ H_5N_1 ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၃။ လက်ရှိဆောင်ရွက်နေမှု

မြန်မာနိုင်ငံအလယ်ပိုင်းဒေသ စစ်ကိုင်းတိုင်းအတွင်း ရွှေဘို၊ ခင်ဦး၊ ကန့်ဘလူ၊ ရေဦး၊ မုံရွာမြို့နယ်များနှင့် မန္တလေးတိုင်းအတွင်း ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ အောင်မြေသာစံ၊ အမရပူရနှင့် စဉ့်ကိုင်မြို့နယ်များအတွင်း ကြက်ငှက်တုပ်ကွေးရောဂါကျရောက်ဖြစ်ပွားမှုရှိခဲ့ရာ ရောဂါဖြစ် ကြက်ခြံများကို သုတ်သင်ဖျက်ဆီးမြှုပ်နှံခြင်းနှင့် ၎င်းကြက်ခြံမှ ၁ကီလိုမီတာပတ်လည်ရှိ ကြက်ခြံများကို ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှု အန္တရာယ်ကာကွယ်ရေး (Risk Prevention) အရ သုတ်သင်ဖျက်ဆီးခဲ့ရာတွင် ၂၀၀၆ခုနှစ် ဧပြီ၂ရက် အထိ ကြက်ခြံ ၃၀၇ခြံ၊ ငုံးခြံ ၁၀၂ခြံမှ ကြက်ကောင်ရေ ၂ဒသမ၄သိန်း၊ ငုံးကောင်ရေ ၂ဒသမ၃သိန်း၊ ကြက်ဥ ၀ဒသမ ၉သိန်း၊ ငုံးဥ ၀ ဒသမ ၆သိန်းကို သုတ်သင်ဖျက်ဆီးမြှုပ်နှံခြင်း၊ ကြက်ခြံများကို ပိုးသတ်ဆေးဖျန်းခြင်း ပြုလုပ်ခဲ့ပါသည်။ အဆိုပါ မြို့နယ်များအတွင်း တားမြစ်ဇရိယာ၊ ထိန်းချုပ်ဇရိယာ သတ်မှတ်၍ တိရစ္ဆာန်သွားလာမှု ထိန်းချုပ်ခြင်း၊ ကြက်ဘဲဈေးများ ယာယီပိတ်ခြင်းနှင့် ကြက်၊ဘဲ၊ငုံးမွေးမြူရေးခြံများရှိ ကြက်၊ဘဲ၊ငုံးများကို ရောဂါစူးစမ်း ရှာဖွေစစ်ဆေးခြင်းများစသည်တို့ကို ဒေသအာဏာပိုင်၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါစစ်ဆေးမှု ဆိုင်ရာများကိုလည်း အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့်ပူးပေါင်းလျက် စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ အဆိုပါမြို့နယ်များအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့မှုအန္တရာယ်ကို စတင်ထိန်းချုပ်လာနိုင်ပြီဖြစ်ပါသည်။

၄။ ကြက်များတွင်ဖြစ်ပွားသော တုပ်ကွေးလက္ခဏာများ

(က) ကြက်ငှက်များရုတ်တရက်သေဆုံးမှု များလာခြင်း၊ ဥကြက်တွင် ဥနှုန်းကျသွားခြင်း။
(ခ) ကြက်များကုပ်၍ အစာစားနှုန်းကျကာ ရေသောက်နှုန်းများ၍ ဝမ်းသွားခြင်း။
(ဂ) အသက်ရှူခက်ခဲခြင်း၊ မျက်ရည်နှင့် နှာရည်ကျခြင်း။
(ဃ) ဦးခေါင်းနှင့် မျက်နှာဖောရောင်လာခြင်း။
(င) အမောက်နှင့် ပါးပျဉ်းဖောရောင်လာခြင်း။
(စ) ခြေထောက်နှင့် ခြေဆစ်တို့တွင် သွေးယိုစီးမှုဖြစ်ပြီး အနီစက်အပြောက်များပေါ်လာခြင်း။
(ဆ) သေနှုန်းမြင့်မားပြင်းထန်ပါက ခြံလုံးကျွတ်သေဆုံးနိုင်ခြင်း။

ဧပြီ၅ရက်က ဆူးလေစေတီတော် ရွှေသင်္ကန်းကပ်လှူရန် အမှတ် ၃၂ သီရိမွန်လမ်းမကြီး သီရိမွန် ပလာဇာ ဘုရင့်နောင် ရန်ကုန်မြို့နေ ဦးခင်မောင်ဇော်-ဒေါ်ခင်မမတို့က ရွှေစင်ရွှေသား ကိုးလက်မပတ်လည် တစ်ကျပ်သား လေးချပ်အတွက် အလှူငွေ ကျပ်၁၀သိန်းကို ဂေါပက အဖွဲ့ဝင်များဖြစ်ကြသော ဦးအုန်းမောင်နှင့် ဦးမျိုးခင်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

၅။ ရောဂါကာကွယ်ထိန်းချုပ်ရေး လိုက်နာဆောင်ရွက်ရန်

(က) ကြက်ငှက်တုပ်ကွေးရောဂါဟု သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုများကို ကြားသိလျှင်ကြားသိခြင်း နီးစပ်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း သို့မဟုတ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများသို့ ချက်ချင်း အကြောင်းကြားရန်။
(ခ) ကြက်သေဆုံးမှုဖြစ်ပွားပါက ဖြန့်ဖြူးရောင်းချစားသုံးခြင်း(လုံးဝ)မပြုလုပ်ရန်။
(ဂ) မွေးမြူရေးကြက်ငှက်များကို တောရိုင်းကြက်ငှက်များ၊ ဆောင်းခိုငှက်များနှင့် ထိတွေ့မှုမရှိအောင် ထားရန်။
(ဃ) အခြားမွေးမြူရေးခြံမှ ကြက်ငှက်များတင်သွင်းမွေးမြူမှု မပြုရန်နှင့် ကြက်၊ ဘဲ၊ ငုံးနှင့် ဝက်အတူ ထားရှိမွေးမြူမှုမပြုရန်။
(င) မိမိကြက်ခြံအတွင်းသို့ ဧည့်သည်သူစိမ်းများနှင့် ကလေးငယ်များအား ဝင်ရောက်မှုမပြုစေရန်။
(စ) မည်သူမဆို ကြက်ခြံအတွင်း ဝင်ရောက်ပါက သတ်မှတ်ထားသည့် ဖိနပ်၊ ဝတ်စုံ၊ ခေါင်းစည်း၊ နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင် ဝင်ရောက်ရန်။
(ဆ) ကြက်ခြံအတွင်းသို့ ပြင်ပပိုးများ မဝင်ရောက်ရန် ထုံး၊ ပိုးသတ်ဆေးများသုံး၍ ပုံမှန်သန့်ရှင်းရန်။
(ဇ) ကြက်ခြံလုပ်သားများ ကြက်၊ဘဲဈေးဒိုင်များသို့ သွားရောက်မှု မပြုရန်နှင့် သွားမိပါက အဝတ်အစားနှင့် ဖိနပ်လဲ၍ ပိုးမွှားသန့်စင်ပြီးမှသာ မိမိခြံအတွင်းဝင်ရောက်ရန်။

၆။ လူသို့ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မှုမရှိရေး လိုက်နာဆောင်ရွက်ရန်

(က) ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှုမရှိရေး၊ အန္တရာယ်ကင်းဝေးစေရန်အတွက် ကြက်၊ ဘဲအသားများနှင့် ကြက်ဥ၊ ဘဲဥများကို သေချာစွာကျက်အောင် ချက်ပြုတ်စားသောက်ရန်။
(ခ) ကြက်၊ဘဲ၊ ငုံးနှင့် ထိတွေ့ကိုင်တွယ်သူများ လက်ကိုဆပ်ပြာနှင့် စင်ကြယ်စွာဆေးကြောရန်။

၇။ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေ ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသည်။ ကြက်ဘဲမွေးမြူထုတ်လုပ်သူ၊ သယ်ဆောင်ရောင်းချသူများအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး ထိရောက်မှုရှိစေရန်အတွက် ဝိုင်းဝန်းကူညီလိုက်နာဆောင်ရွက်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

■ **ကျောဖုံးမှ**

ဒုတိယအုပ်ချုပ်ရေးမှူး Mr. Lobko နှင့်အတူ စိန့်ပီတာစဘတ်မြို့ နိုင်ငံခြားဆက်သွယ်ရေးကော်မတီ ပထမ-ဒုတိယဥက္ကဋ္ဌ Mr. Petruk၊ နိုင်ငံခြားဆက်ဆံရေးကော်မတီ သံတမန်အကြီးအကဲ Mr. Arseshevsky နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဇနီး ဒေါ်မြမြစန်း အောက်တိုဘာ တော်လှန်ရေးကာလတွင် လီနင်နှင့်ဇနီးတို့ နေထိုင်သည့် အိမ်ခန်းပြတိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr.Oleg V.Kabanov တို့ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံနှင့် စိန့်ပီတာစဘတ်မြို့တို့အကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံ ဆွေးနွေးပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား စိန့်ပီတာစဘတ်မြို့ဒုတိယအုပ်ချုပ်ရေးမှူးက အမှတ်တရ ပစ္စည်းကို လက်ဆောင်အဖြစ်ပေးအပ်သည်။

ထိုအချိန်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၏ ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၏ ဇနီး ဒေါ်မြင့်မြင့်စိုး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်စိုး၏ ဇနီး ဒေါ်မြင့်မြင့်သိန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိကြသည်။

ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များအား စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူးရုံးမှ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး အရာရှိMs. Svetlaua Matveeaနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များသည် ရုရှားဇာဘုရင်၏ နန်းဆက် ကက်သလင်းဘုရင်မ တည်ထောင်ခဲ့သည့် အမျိုးသမီးဘော်ဒါကျောင်းနှင့် အောက်တိုဘာတော်လှန်ရေးကာလတွင် လီနင်နှင့်ဇနီးတို့ နေထိုင်သည့် အိမ်ခန်းပြတိုက်တို့ကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ **(သတင်းစဉ်)**

အမှတ်တရ လက်ဆောင်

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးအား စိန့်ပီတာစဘတ်မြို့ ဒုတိယ အုပ်ချုပ်ရေးမှူး Mr. Lobko က အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။
(သတင်းစဉ်)

ခြံစည်းရိုးကြက်ဆူပင်များနှင့် နှစ်ရှည်သီးနှံရော်ဘာကို လျာထားချက်အမီစိုက်ပျိုး မွေးမြူရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင်မှအစ မိသားစုဝင်ငွေတိုးရေးဆောင်ရွက်

ရန်ကုန် ဧပြီ ၈

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူ များလိုက်ပါလျက် ဧပြီ၅ရက် နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မလိခဧည့်ရိပ်သာမှ ထွက်ခွာလာပြီး နံနက်စနာရီခွဲတွင် မြစ်ကြီးနားတပ်နယ်ခန်းမ၌ အရာရှိစစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ သတ်မှတ်ချက်နှင့်အညီ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးရေး၊ ရော်ဘာပင်ကို လျာထားချက်ပြည့်မီအောင်စိုက်ပျိုးရေး၊ အင်ဂျန်းယန်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ်ကို ဒေသခံပြည်သူများနှင့် လက်တွဲဆောင်ရွက်ကြရေးမှာကြားသည်။ (အောက်ပုံ)

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် ဒူဝါဇော်ရစ်လမ်း ပျိုးဥယျာဉ်၌ ကျင်းပသော ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

စေတနာထားဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် စေတနာထား ဆောင်ရွက်ကြရန်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နှင့် အညီ အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း၊ ခြံစည်းရိုး ကြက်ဆူပင်များနှင့် နှစ်ရှည်သီးနှံဖြစ်သော ရော်ဘာပင်ကိုလည်းသတ်မှတ်လျာထားချက်နှင့်အညီ စိုက်ပျိုးကြရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများကိုလည်း တစ်ပိုင်တစ်နိုင်မှအစ မိသားစုဝင်ငွေတိုးရေးဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်နှင့် မိမိကျရာတာဝန်ကိုစေတနာထားဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်တို့က ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များအား ခြံစည်းရိုး ကြက်ဆူပင်ပျိုးကိုင်းနှင့် မျိုးစေ့အိတ်များဝေငှပေးအပ်ပြီး ခြံစည်းရိုးကြက်ဆူပင်မျိုးကိုင်းနှင့် မျိုးစေ့များကို ပျိုးထောင်စိုက်ပျိုးပေး၍ ပျိုးခြံအတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ ရပ်ကွက်(၅) ရှဒေါင်ကျေးရွာရှိ စည်ပင်သာယာရေးဦးစီးဌာန ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခြံစည်းရိုးကြက်ဆူပင်ပျိုးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနား တပ်နယ် ကြက်ဆူပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပျားလိမ္မော် စိုက်ပျိုးရေးခြံအတွင်း ပျိုးထောင်ထားသော ခြံစည်းရိုးကြက်ဆူပင် စပေါင်း ပျိုးခင်းသို့ သွားရောက်၍ ကိုင်းပျိုးပင်ပေါင်း ၆၀၀၀၊ မျိုးစေ့ ပျိုးပင်ပေါင်း ၉၄၀၀၀ စုစုပေါင်းပျိုးပင် တစ်သိန်း ပျိုးထောင်ထားမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ရော်ဘာစိုက်ပျိုးခြံသို့ ရောက်ရှိပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ ပျိုးခြံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ၂၀၀၅-၂၀၀၆ ခုနှစ် ဧကသုံးထောင် ရော်ဘာစိုက်ခင်းသို့ ရောက်ရှိပြီး စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော ရော်ဘာပင်များကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အမှတ်(၃)ခရိုင်ချင်းဆက်လမ်းအတိုင်း မြစ်ကြီးနား အကျဲလမ်းအတိုင်း ထွက်ခွာလာရာ မြစ်ကြီးနားခရိုင် မိုးကောင်းချောင်းကူး မြစ်ဆိပ်သို့

စာမျက်နှာ ၁၄ ကော်လံ ၆ သို့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄) နမ့်ပန်းဒေသ တိုင်းရင်းသားများ စိုက်ပျိုးထားသည့် ရော်ဘာပင်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒေသ၏စိုက်ပျိုးရေးလုပ်ငန်းတိုးတက်မှု စနစ်တကျ ရေးဆွဲပြုစုတင်ပြ တာဝန်ကျရာဒေသကို မိမိဇာတိသဖွယ် စေတနာထား အားသွန်ခွန်စိုက်ဆောင်ရွက် ဒေသဝမ်းစာဖူလုံရေး ဌာနဆိုင်ရာများနှင့် ပြည်သူများ တက်ညီလက်ညီကြိုးပမ်း

နေပြည်တော်မြို့တော် ဧပြီ ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ မိုင်းဖြတ်တပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းအောင်နှင့် တပ်မတော်အရာရှိကြီးများနှင့်အတူ ဧပြီ၆ရက် နံနက်ပိုင်းတွင် မိုင်းဖြတ်မြို့နယ်မြေခံ တပ်နယ်ခန်းမ၌ တပ်နယ်ရှိ အရာရှိစစ်သည်များ၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဝန်ထမ်းများအားတွေ့ဆုံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများလိုက်ပါလျက် နယ်စပ်မြို့များဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးရန် ရဟတ်ယာဉ်ဖြင့် မိုင်းယုမြို့သို့ထွက်ခွာလာရာ လမ်းတစ်လျှောက်၌ မိုင်းဖြတ်-မိုင်းယောင်း-မိုင်းယု လမ်းပိုင်းအခြေအနေများကို လည်းကောင်း၊ လမ်းဘေးဝဲယာရှိ နွေစပါးစိုက်ခင်းများ၊ စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာစိုက်ခင်းများကိုလည်းကောင်း၊ ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးပြီး မိုင်းယုမြို့သို့ နံနက်၉နာရီခွဲတွင် ရောက်ရှိကြပြီး မြို့နယ်စုပေါင်းရုံးခန်းမဆောင်၌ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဌာနဆိုင်ရာဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးပြီး ဒေသဝမ်းစာဖူလုံရေးအတွက် ဌာနဆိုင်ရာများက ဒေသခံပြည်သူများနှင့်လက်တွဲညီညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရေး၊ ဒေသ၏ စိုက်ပျိုးရေးလုပ်ငန်းတိုးတက်မှုကို စနစ်တကျရေးဆွဲ ပြုစုတင်ပြရေး၊ တာဝန်ကျရာ ဒေသကို မိမိဇာတိသဖွယ်ခံယူကာ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတာဝန်များကို စေတနာထားပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရေးမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မိုင်းယုဒေသ၌ စိုက်ပျိုးမြေအဖြစ် စိုက်ပျိုးမြေ၇၁၁၂ဧက၊ မြေရိုင်း ဧက ၃၃၇၂၁၀၊ တောရိုင်း ၂၅၉၂၂၇ ဧက၊ သစ်တော/ကြိုးဝိုင်းဧက ၄၄၁၆၀ နှင့် အခြားမြေ၂၁၄၈၄၂ဧက စုစုပေါင်း ၈၇၂၅၅၁ဧကရှိသည်။

၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း မိုးစပါး၁၅၆၁၉ဧကစိုက်ပျိုးခဲ့ပြီးတစ်ဧကပျမ်းမျှ ၆၆ဒသမ၈၆တင်းနှုန်း ထွက်ရှိပြီး နွေစပါးဧက ၄၀၀ စိုက်ပျိုးရန် လျာထားခဲ့ရာ ၄၀၂ဧက စိုက်ပျိုးနိုင်၍ ခြံစည်းရိုးကြက်ဆူပင် ၇၃၆၆ ဧက စိုက်ပျိုးရန် လျာထားသတ်မှတ် ဆောင်ရွက်ခဲ့ရာ အပင်ပေါင်း ၁၉၃၂၅၃ ပင် စိုက်ပျိုးထားပြီး အပင်၂၂၀၃၀၀ ပျိုးထောင်ထားပြီးဖြစ်ကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်အဖွဲ့သည် မိုင်းယုမြို့သို့ သွားရောက်ပြီး ပြည်သူ့ဆေးရုံကို လည်းကောင်း၊ မိုင်းယုမြို့ အခြေခံပညာ အထက်တန်းကျောင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄) နမ့်ပန်းဒေသ တိုင်းရင်းသားများ စိုက်ပျိုးထားသည့် ရော်ဘာပင်များ၊နွေစပါးစိုက်ခင်းများ၊ ခြံစည်းရိုး ကြက်ဆူပင်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတိုင်းရင်းသား တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တွေ့ဆုံနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် မိုင်းယုမြို့မှ မိုင်းယောင်းသို့ ဆက်လက်ထွက်ခွာခဲ့ရာ မိုင်းယောင်းမြို့၌ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံနှုတ်ဆက်အမှာစကားပြောကြားသည်။

တိုးချဲ့စိုက်ပျိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မိုင်းယောင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ရုံးခန်းမ၌ ဌာနဆိုင်ရာများအားတွေ့ဆုံပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်ရေး၊ စက်မှုကုန်ကြမ်းသီးနှံရော်ဘာ တိုးချဲ့စိုက်ပျိုးရေး မှာကြားသည်။

ပြည့်မီအောင်စိုက်ပျိုး

မိုင်းယောင်းမြို့နယ်၌ ၂၀၀၅-၂၀၀၆ခုနှစ် မိုးစပါး၃၁၈၉၅ဧက စိုက်ပျိုးခဲ့ပြီး တစ်ဧကပျမ်းမျှ ၇၁ ဒသမ ၂၃တင်းနှုန်း ထွက်ရှိခဲ့ပြီး နွေစပါးအနေဖြင့် ၉၆၄၂၇၁ဧက စိုက်ပျိုးရန် လျာထားခဲ့ရာ လျာထားချက် ပြည့်မီအောင် စိုက်ပျိုးပြီးဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့သို့ ညနေ၄နာရီတွင် ရောက်ရှိပြီး ကျိုင်းတုံ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရကွန်ပျူတာကောလိပ်(ကျိုင်းတုံ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

ကုက္ကိုင်းရေကူးအသင်းနွေရာသီရေကူးသင်တန်းဆင်း ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၈

ကုက္ကိုင်းရေကူးအသင်း၏ နွေရာသီ ရေကူးသင်တန်း(၁/၂၀၀၆)သင်တန်းဆင်းပွဲနှင့် အောင်လက်မှတ်ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ရနာရီက ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ ကုက္ကိုင်းရေကူးကန်တွင်ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်အားပေးချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

လက်ခံရယူ

သင်တန်းဆင်းပွဲတွင် ရှေးဦးစွာ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က လမ်းညွှန်အမှာစကားပြောကြားသည်။ ယင်းနောက် သင်တန်းဆင်းအောင်လက်မှတ်များချီးမြှင့်ရာ မြန်မာနိုင်ငံအမျိုးသမီးအားကစား အဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက နံနက်ပိုင်းသင်တန်းကို လည်းကောင်း၊ တရုတ်ပြည်ခရီးသွားအဖွဲ့ခေါင်းဆောင် မစ္စလုံမေက နေ့လယ်ပိုင်းသင်တန်းကိုလည်းကောင်း၊ ကုက္ကိုင်းရေကူးအသင်း ဘဏ္ဍာရေးမှူး ဒေါ်မြစုက ညနေပိုင်း သင်တန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်ရာ သင်တန်းသားသင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးစီက လက်ခံရယူသည်။

ဂုဏ်ပြုဆုချီးမြှင့်

ဆက်လက်၍ ကုက္ကိုင်းရေကူးအသင်း ဒုတိယဥက္ကဋ္ဌဦးဟန်ထွန်းမောင်က ပျက်ရက်မရှိဘဲ သင်ကြားပြသပေးသည့် နည်းပြများကိုယ်စား နည်းပြချုပ် ဦးကျော်ရွှေအား ဂုဏ်ပြုဆုချီးမြှင့်သည်။ ၎င်းနောက် ကုက္ကိုင်းရေကူးအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ (ဥက္ကဋ္ဌ၊မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်)က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် နွေရာသီရေကူးသင်တန်းသားများထဲမှ ၁၀ဦးအား အလှူငွေမဲ့အသင်းဝင်ခွင့်၁၀ဆုကို ဝန်ကြီးနှင့် ဧည့်သည်တော်များက ရွေးချယ်ကံစမ်းပေးကြသည်။

ယခုကုက္ကိုင်းရေကူးသင်တန်းသို့ သင်တန်းသားသင်တန်းသူ ၅၈၉ ဦး တက်ရောက်ကြသည်။ **(မြန်မာ့အလင်း)**

ကုက္ကိုင်းရေကူးအသင်း ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်းမောင် သင်တန်းနည်းပြများကိုယ်စား နည်းပြချုပ် ဦးကျော်ရွှေအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ဂုဏ်ရှိန်ပြင်းတဲ့ချစ်ခြင်းသိက္ခာ နှစ်ဆန်းတစ်ရက်၌ ရုံဝင်မည် ရတနာနှင့် ဆဋ္ဌဂံဇာတ်ကားများ ဆက်လက်ပြသလျက်ရှိ

ရန်ကုန် ဧပြီ ၈

ယခုအပတ် ရုပ်ရှင်ကဏ္ဍတွင် မြန်မာဇာတ်ကားသစ်များ ရုံဝင်လာခြင်းမရှိဘဲ ပြသဆဲဇာတ်ကားများ ဆက်လက်တင်ဆက်ထားသည်။

မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ဒါရိုက်တာဒေါ်န ရိုက်ကူးသည့် **ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ** ဇာတ်ကားသစ် ရုံဝင်လာမည်ဖြစ်သည်။

ဤဇာတ်ကားတွင် ရန်အောင်၊ ထွန်းအိန္ဒြာဗို၊ စိုင်းစိုင်းခမ်းလှိုင်နှင့် သက်မွန်မြင့်တို့ ခေါင်းဆောင်ပါဝင်ထားသည်။

ဇာတ်ညွှန်းနှင့် ဒါရိုက်တာ အိအိခိုင် ရိုက်ကူးသည့် **ရတနာ** ဇာတ်ကား သမ္မတနှင့် သွင်တို့တွင် ပြသလျက်ရှိသည်။

ယင်းဇာတ်ကားတွင် သား၊သမီး ရတနာနှင့်ယှဉ်လာလျှင် အရာရာကို စွန့်လွှတ်စွန့်စားဝံ့သည့် မိခင်တစ်ဦး၏ မေတ္တာတရားကို ဖော်ကျူးထားသည့် အပြင် ဘာသာတရား၏ အဆုံးအမကို ပေါ်လွင်အောင် ပညာပေးရိုက်ကူးထားသော ဇာတ်ကား ဖြစ်သည်။

ရွှေ့ဆောင်ရုံတွင် ကိုယ်ဝန်ဆောင်အမျိုးသမီးတို့၏ ကြုံတွေ့ခံစားရမှုကို သရုပ်ဖော်ထားသည့် **ဆဋ္ဌဂံ** ဇာတ်ကား ပြသလျက်ရှိပြီး နေပြည်တော်ရုံတွင် The Cave ဇာတ်ကား ဆက်လက်တင်ဆက်ထားသည်။

ဆဋ္ဌဂံဇာတ်ကားမှ လွှမ်းထက်နှင့် ဆုရွှန်းလဲ့။

မင်္ဂလာရုံတွင် ကိုရီးယားမင်းသားချော(ဒါရိုက်တာရင်)ပါဝင်သရုပ်ဆောင်ထားသော The Promise ဇာတ်ကား ဒုတိယအကြိမ်ပြသရန် ရုံဝင်လာသည်။

ဆန်ဂျေးဒက်၊ ဆိုဟီလ်ခန်း၊ ဆမီလာတို့ပါဝင်ထားပြီး မည်သည့်ရုံတွင်မှ ပြသခြင်းမရှိသေးသည့် Maine Dil Tujhko Diya ဇာတ်ကား ရွှေဂုန်ရုံမြေညီထပ်တွင် ပြသလျက်ရှိသည်။ ဤဇာတ်ကားတွင် ကားဝပ်ရှော့အလုပ်သမားလေးတစ်ဦးနှင့် သူဌေးသမီးတို့ မေတ္တာဇာတ်လမ်းကို အသားပေးရိုက်ကူးထားသော မေတ္တာဖွဲ့ဇာတ်ကားဖြစ်သည်။

ရွှေဂုန်ရုံအပေါ်ထပ်တွင် ဂျိမ်းစ်ဘွန်း မင်းသားကြီးကိုယ်တိုင် ပါဝင်သရုပ်ဆောင်သော Octopussy ဇာတ်ကားတင်ဆက်ထားပြီး ဆာလမန်းခန်း၊ ဆိုဟီလ်ခန်း၊ ဆာမီတာဆန်းနှင့် ဆိုနီအဂျက်တီတို့ ခေါင်းဆောင်ပါဝင်ကာ ရှုခင်းလှပစွာဖြင့် ရိုက်ကူးထားသော အချစ်ဇာတ်မြူး Maine Pyar Kyun Kiya ဇာတ်ကား သစ်ကြီး မြို့မရုံတွင် ဧပြီ ၇ ရက်မှ ၂၇ ရက်အထိ ပြသလျက်ရှိသည်။ ။ **(မြန်မာ့အလင်း)**

ရတနာဇာတ်ကားမှ ဇာတ်ဝင်ခန်း။

ရုပ်ရှင် သတင်းထောက်

မီးဘေးအန္တရာယ် အစဉ်သတိပြုကာကွယ်

ကမ္ဘာတစ်လွှား အားကစား

ချယ်လ်ဆီးနောက်မှ ထပ်ကြပ်လိုက်နေသည့်မန်ယူ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲရောက် အာဆင်နယ်နှင့်ယနေ့ကစားမည်

စုစည်းတင်ပြသူ မြင့်မောင်စိုး

လန်ဒန် ဧပြီ ၈

ပရီမီယာရှစ်ပွဲစဉ် (၃၃)ပြိုင်ပွဲများကို ဧပြီ ၈ ရက်ညပိုင်းက စတင်ကစားခဲ့ရာ ဧပြီ၉ရက် ယနေ့ညပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်မှုပွဲစဉ်များကို ကြည့်ရှုကြရမည်ဖြစ်သည်။



အကြိတ်အနယ်

ဘာမင်ဂမ် အသင်းနှင့်ချယ်လ်ဆီးအသင်းတို့ယှဉ်ပြိုင်ခဲ့စဉ်က ဘာမင်ဂမ်မှဟက်စကီး (၀ဲ)**နှင့်ချယ်လ်ဆီးမှ ဂျွန်တယ်ရီတို့ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။** (ဓာတ်ပုံ-အင်တာနက်)

အထူးစိတ်ဝင်စား

ဘောလုံး ပရိသတ်များ အထူးစိတ်ဝင်စားနေသည့် ပွဲကြီးတစ်ပွဲမှာ မန်ယူနှင့်အာဆင်နယ်တို့၏ အကြိတ်အနယ် ပွဲကြီးပင်ဖြစ်သည်။ မန်ယူပရိသတ်များ မန်ယူအသင်း အပေါ် အထူးအာရုံစိုက်လာကြသည်။

အကြိုဗိုလ်လုပွဲ

ထို့အတူ အာဆင်နယ်လ်အသင်းသည်လည်း မကြိုစဖူး ထူးချွန်ပြောင်မြောက်စွာဖြင့် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲကြီးသို့ ရောက်ရှိလာသည်။ မန်ယူနှင့်အာဆင်နယ်တို့၏ အရည်အချင်းစစ်သည့်ပြိုင်ပွဲကြီး ဖြစ်လာလိမ့်မည် ဖြစ်သည်။

မန်ယူအသင်းသည် ရှုံးပွဲမရှိ ရှစ်ပွဲဆက်တိုက် အနိုင်ရရှိထားသည်။ ထို့အတူ အာဆင်နယ်အသင်းသည်လည်း အထူးခြေစွမ်းပြလာသည့် အသင်းကောင်းပြန်ဖြစ်လာသည့် အနေအထားရှိသည်။

အထူးပြင်ဆင်နေ

ထိုနေ့ညပိုင်းတွင် ချယ်လ်ဆီးနှင့် ဝက်စ်ဟမ်းပွဲသည်လည်း ချယ်လ်ဆီး၏ ခြေစွမ်းကို စောင့်ကြည့်ရမည့်ပွဲဖြစ်သည်။ ဝက်စ်ဟမ်း ကစားသမားများသည် ချယ်လ်ဆီးနှင့် ယှဉ်ပြိုင်ကစားရန် အထူး ပြင်ဆင်လျက်ရှိကြောင်းသိရသည်။

မန်ချက်စတာယူနိုက်တက်အသင်း နောက်မှကပ်လိုက်လာပြီဖြစ်၍ ချယ်လ်ဆီးတို့ စိုးရိမ်နေကြပုံရသည်။ သို့ရာတွင် ချယ်ဆီးလ်တို့ အိမ်ကွင်း ကစားရမည်ဖြစ်၍ အနိုင်ရရှိဖွယ်ရှိသည်။ ယင်းပွဲ ချယ်ဆီးလ်တို့ အိမ်ကွင်း ကစားပြီး

ထိုးထိုး ဖောက်ဖောက် ယှဉ်ပြိုင်

မန်ယူနှင့်ဘော်လ်တန် အသင်းတို့ ယှဉ် ပြိုင် ခဲ့ စဉ် က မန်ယူမှ ခရစ္စတီယာ ရိုနယ်လ်ဒို (၀ဲ) **နှင့် ဘော်လ်တန်ကွင်းလယ် ကစားသမားတို့တွန်းတွန်းတိုက်တိုက် ယှဉ်ပြိုင်ကြစဉ်။** (ဓာတ်ပုံ-အင်တာနက်)

နောက်ထပ် ချယ်ဆီးလ်အသင်း အိမ်ကွင်း သုံးကြိမ်သာ ကစားရန်ရှိတော့သည်။ ယင်းအိမ်ကွင်း သုံးကြိမ်အနိုင်ရလျှင် ချယ်လ်ဆီးအသင်း ဒုတိယအကြိမ် ပရီမီယာရှစ်ဖလားကို ပိုင်ဆိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ထိုနေ့တွင် လီဗာပူးအသင်းနှင့် ဘော်လ်တန်အသင်းတို့လည်း ကစားကြမည်ဖြစ်သည်။ ဘော်လ်တန်အသင်းမှာ လက်ရှိအနေအထားအရ ခြေစွမ်းကျနေသည်။ ဘော်လ်တန်တို့ လွန်ခဲ့သောသုံးပွဲက ဆက်တိုက်ရှုံးထားခဲ့သည်။

မျှော်လင့်ချက်

လီဗာပူးအသင်းမှာ ယင်း၏ အဖိုးတန်သုံးမှတ်ကိုရရှိရန် ကြိုးစားပြီး မန်ယူကို အမီလိုက်ရန် အားခဲနေပုံရသည်။ သို့ရာတွင် မျှော်လင့်ချက်များ အနည်းငယ်သာ ရှိတော့သည်။

ယင်းနေ့တွင် မစ်ဒယ်ဘရော့ အသင်းနှင့် နယူးကာဆယ်တို့လည်း ခြေစွမ်းပြကြမည်ဖြစ်သည်။ ယင်းပွဲသည် မစ်ဒယ်ဘရော့အတွက် ပွဲကြပ်ဖြစ်လာနိုင်သည်။ မစ်ဒယ်ဘရော့အသင်းသည် ယူအီးအက်ဖ်အေဖလားပြိုင်ပွဲ ယှဉ်ပြိုင်ကစားလျက်ရှိရာ လာမည့်သီတင်းပတ်တွင် အကြိုဗိုလ်လုပွဲအတွက် ကြိုးစားလျက်ရှိသည်။

နယူးကာဆယ်အသင်းသည် ပြီးခဲ့သော သီတင်းပတ်က တော့တင်ဟမ်အသင်းကို အနိုင်ရပြီးနောက်စိတ်ဓာတ်ရေးရာ တက်ကြွနေကြသည်။ မစ်ဒယ်ဘရော့အသင်းကိုအနိုင်ကစားလိမ့်မည်ဟု မျှော်လင့်ရသည်။ **(အင်တာနက်)**

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ရတနာလမ်း အမှတ် (၇) နေ ဦးမြင့်ဟန် - ဒေါ်ရှုတင် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၂ စကားဝါလမ်း၊ မင်းကွန်းဆရာတော် ကြီး ၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၀ သိန်းကို တိပိဋကဓရဆရာတော်ဘဒ္ဒန္တ ဣန္ဒာစရိယထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အဆင့်မြင့်တန်းကွင်းပိတ် အကြိုဗိုလ်လုပွဲစဉ်ယှဉ်ပြိုင် မြို့တော်စည်ပင်က ပြည်ထဲရေးကိုနိုင်ပြီး ဗိုလ်လုပွဲတက်

ရန်ကုန် ဧပြီ ၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅-၂၀၀၆ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းပိတ် (ရှုံးထွက်)ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲစဉ်ကို ယနေ့ညနေ၃နာရီ၄၅မိနစ်က အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ မြို့တော်စည်ပင်အသင်းက ပြည်ထဲရေးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

လူမစုံ

ပထမအဆင့် ရှုံးထွက်ပွဲစဉ်နှင့် ကွာတားဖိုင်နယ် ပွဲစဉ်များတွင် ပြိုင်ဘက်အသင်းများကို ပွတ်ကာသီကာဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာသော မြို့တော်စည်ပင်အသင်းသည် ယနေ့ ပွဲစဉ်၌လည်း ပြည်ထဲရေးအသင်းကို တစ်ဂိုးဖြင့် ကပ်နိုင်ကာ ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ပြီဖြစ်သည်။ ပြည်ထဲရေးအသင်းတွင် အထူးအားထားရသော တိုက်စစ်မှူး နေသူလှိုင်နှင့်စည်သူဝင်းတို့ ပွဲပယ်ခံထားရသဖြင့် မပါဝင်ဘဲ တိုက်စစ်အားနည်းခဲ့ရသည်။ပြည်ထဲရေးအသင်းသည် လူမစုံသော်လည်း ရှိသည့်လူအင်အားဖြင့် အကောင်းဆုံး ကစားနိုင်ခဲ့ရာ ချေပဂိုးရလုရခင် အနေအထားများရှိခဲ့သည်။

အနိုင်ဂိုး

မြို့တော်စည်ပင်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပထမပိုင်း၅မိနစ်တွင် လှအေးထွေးက သွင်းယူပေးသည်။ မြို့တော်စည်ပင်အသင်းသည် ဦးဆောင်ဂိုးရပြီးနောက် ကစားကွက် မဖော်နိုင်ဘဲ ဖြစ်နေရာ ပြည်ထဲရေးအသင်း၏ အကြိမ်ကြိမ်ထိုးဖောက် ကစားမှုကို ခံခဲ့ရသည်။ ပြည်ထဲရေးအသင်းမှ တိုက်စစ်မှူးများဖြစ်သည့် တင်ရွှေနှင့် နေလင်းထွန်းတို့ အဆုံးသတ် မသေချာ၍ ချေပဂိုးနှင့် ဝေးခဲ့ရခြင်းဖြစ်သည်။ ဒုတိယပိုင်းပြီးဆုံးခါနီးတွင် ပြည်ထဲရေးအသင်းက အဆက်မပြတ် ထိုးဖောက်ကစားရင်း တင်ရွှေ ကန်သွင်းသည့် ဘောလုံးမှာ ဂိုးဘားတန်းထိပြီး ပြန်ထွက်လာ၍ အချိန်ပိုသို့ ခရီးဆက်ခွင့်မရဘဲ မြို့တော်စည်ပင်အသင်းက အနိုင်ရရှိသွားခြင်းဖြစ်သည်။

ဗိုလ်လုပွဲ

ဧပြီ ၉ရက် **(ယနေ့)** တွင် ပွဲမရှိဘဲ ဧပြီ၁၀ရက် ညနေ ၃နာရီ ၄၅မိနစ်၌ အောင်ဆန်း အားကစားပြိုင်ကွင်းတွင် နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် စွမ်းအင်အသင်းနှင့် မြို့တော်စည်ပင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

မန်ယူအပြေးလိုက်မှု မစိုးရိမ် ကြက်ငှက်တုပ်ကွေးကိုသာ မော်ရင်ဟို ပူပန်

လန်ဒန် ဧပြီ ၈

ချယ်လ်ဆီးနည်းပြမော်ရင်ဟိုက မန်ချက်စတာယူနိုက်တက်အသင်း ချယ်လ်ဆီးတို့ကို အမီလိုက်လာခြင်းထက် ကြက်ငှက်တုပ်ကွေးဖြစ်ပွားနေသည်ကို ပို၍စိုးရိမ်ပူပန်မိကြောင်း ပြောကြားသည်။

ချယ်လ်ဆီးအသင်းသည် ပရီမီယာရှစ် တန်းစီဇယားတွင် ခုနစ်မှတ်အသာဖြင့် ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့ချိန်တွင် မန်ချက်စတာ ယူနိုက်တက်အသင်းသည် ရှစ်ပွဲမြောက် ဆက်တိုက်အနိုင်ရပြီး ချယ်လ်ဆီးအား အမီလိုက်ခဲ့ရာ အမှတ်ကွာခြားမှု ခုနစ်မှတ်သာရှိတော့သည်။

မိမိအတွက်တော့ ကြက်ငှက်တုပ်ကွေးဖြစ်ပွားမှုသည်သာ စိုးရိမ်စရာဟု ထင်မြင်မိကြောင်း မော်ရင်ဟိုက ပြောကြားသည်။

စိုးရိမ်နေမိ

မိမိအနေဖြင့် စကော့တလန်တွင် ကြက်ငှက်တုပ်ကွေးပြဿနာ ဖိအားပေးမှုကို စိုးရိမ်နေကြောင်း၊ ယင်းမှာ ဘောလုံးပွဲထက် စိုးရိမ်နေမိကြောင်း မော်ရင်ဟိုက ဆိုသည်။

ချယ်လ်ဆီးအသင်းသည် လွန်ခဲ့သော သီတင်းပတ်များက အကောင်းဆုံး အနေအထားမရှိခဲ့ပေ။ ပြိုင်ဘက်ဖူလ်ဟမ်အသင်းကို ရှုံးနိမ့်ပြီး တန်းဆင်းဇုန်မှ ဘာမင်ဂမ်အသင်း၏ ခြိမ်းခြောက်မှုကိုလည်း ခံခဲ့ရသည်။

အိပ်မက်မက်ခဲ့

မိမိ၏ အသင်းသည် မည်သည့် စိုးရိမ်စရာမျှ မရှိကြောင်း၊ ဘောလုံးသည် ဘဝနှင့် နှိုင်းယှဉ်စရာအကြောင်း မရှိကြောင်း၊ ကြက်ငှက် တုပ်ကွေးအကြောင်းသာ လွန်ခဲ့သောရက်များက အိပ်မက်မက်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ချယ်လ်ဆီးနည်းပြ မော်ရင်ဟို
(ဓာတ်ပုံ-အင်တာနက်)

ယုံကြည်နေဆဲ

ပရီမီယာရှစ်အသင်း အားလုံးသည် ကစားရန် ခြောက်ပွဲသာရှိတော့ကြောင်း၊ မန်ယူ၏ မယုံနိုင်စရာ အောင်မြင်မှုအနေအထားမှာ ကျော်လွန်ကုန်ဆုံးခဲ့ပြီဖြစ်ကြောင်း၊ ချယ်လ်ဆီးတို့ အောင်မြင်မှု ရရှိရန်မှာ ယုံကြည်နေဆဲဖြစ်ကြောင်း မော်ရင်ဟိုက ဆက်လက်ပြောကြားသည်။

ယင်း အမှတ်ကွာခြားချက်များကြောင့် မန်ယူပရိသတ်များ ချယ်လ်ဆီးနှင့် ဝက်စ်ဟမ်းပွဲကို စောင့်ကြည့်နေကြမည်ဖြစ်သည်။

(အင်တာနက်)

မတ်လအကောင်းဆုံးမန်နေဂျာနှင့်ဘောလုံးသမားဆု ဆရာတပည့်ဖာဂူဆန်နှင့်ရွန်နေဆွတ်ခူး

လန်ဒန် ဧပြီ ၈

မန်ချက်စတာ ယူနိုက်တက်အသင်း မန်နေဂျာဆာအလက် ဖာဂူဆန်သည်မတ်လအတွက် ပရီမီယာရှစ် အကောင်းဆုံး မန်နေဂျာဆု ဆွတ်ခူးသွားခဲ့သည်။ အင်္ဂလန်တိုက်စစ်မှူး ဝိန်းရွန်နေကလည်း မန်ချက်စတာယူနိုက်တက်အသင်းအတွက် အကောင်းဆုံး ဘောလုံးသမားဆု ဆွတ်ခူးနိုင်ခဲ့သည်။ မန်ချက်စတာယူနိုက်တက်အသင်းသည် မတ်လအတွင်း ပရီမီယာရှစ်ပြိုင်ပွဲ ငါးပွဲယှဉ်ပြိုင်ကစားရာတွင် ငါးပွဲစလုံး အနိုင်ရခဲ့သည့် အသင်းဖြစ်သည်။ ယင်းကဲ့သို့ မန်ယူအသင်း ထူးထူးခြားခြား မတ်လအတွင်း ငါးပွဲအနိုင်ရလိုက်သဖြင့် ထိပ်ဆုံးမှချယ်လ်ဆီးအသင်းကို ခုနစ်မှတ်အကွာဖြင့် ကပ်လိုက်နိုင်ခဲ့သည်။

အသက် ၂၀ အရွယ်ရှိ ရွန်နေသည် ငါးပွဲစလုံးတွင် ခြေစွမ်းပြကစားနိုင်ခဲ့ကာ နယူးကာဆယ်နှင့် ပွဲတွင် နှစ်ဂိုး၊ ဘာမင်ဂမ်နှင့်ပွဲတွင် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

ရွန်နေသည် ယခင်က ပရီမီယာရှစ်အကောင်းဆုံး ဘောလုံးသမားဆုကို နှစ်ကြိမ် ဆွတ်ခူးထားသူဖြစ်သည်။ ထို့အတူ အသင်း မန်နေဂျာဖာဂူဆန်သည်လည်း ပရီမီယာရှစ် အကောင်းဆုံးမန်နေဂျာဆုကို ယခင်က (၁၆)ကြိမ် ဆွတ်ခူးခဲ့ဖူးသည်။ **(အင်တာနက်)**

အကောင်းဆုံးမန်နေဂျာဆုရ ဖာဂူဆန်နှင့်အကောင်းဆုံးဘောလုံးသမားဆုရ ရွန်နေတို့အား ဆုနှင့်အတူ ဤသို့တွေ့ရသည်။
(ဓာတ်ပုံ-အင်တာနက်)

မောင်စည်သူကိုကို(ခ)ငယ်ငယ်
(၄)နှစ်မြောက် မွေးနေ့မင်္ဂလာ

၉-၄-၂၀၀၆ရက်နေ့တွင် ကျရောက်သော သားငယ် **မောင်စည်သူကိုကို(ခ)ငယ်ငယ်** ရဲ့ (၄)နှစ်မြောက် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ မိသားစုနှင့်အတူတကွနေထိုင်နိုင်ပြီး သာသနာ့အကျိုး၊ တိုင်းပြည်အကျိုး ဆထက်တိုး၍ ဆောင်ရွက်နိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်သောဘွားဘွား – **ဒေါ်မြစိန်**
ချစ်သော – **ဖေဖေ–မေမေ**
ကိုကြီး – **ကိုရဲမင်းကိုကို**
ကိုလတ် – **ဒုဗိုလ်သီဟကိုကို**
မမ – **စောသီရိကိုကို(ခ)ချောချော။**

မောင်စည်သူကိုကို(ခ)ငယ်ငယ်
(၄)နှစ်မြောက်မွေးနေ့မင်္ဂလာ

ချစ်တူလေး **စည်သူကိုကို(ခ)ငယ်ငယ်** ရဲ့ ၉-၄-၂၀၀၆ရက်နေ့တွင် ကျရောက်သော မွေးနေ့မှစ၍ နောင်နှစ်ပေါင်းတစ်ရာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံနိုင်ပြီး လိမ္မာယဉ်ကျေး ထူးချွန်ထက်မြက်သော လူတော်လူကောင်းဖြစ်ပါစေ။

ချစ်သော – **ဘဘကြီး**
ကြီးကြီး – **အန်တီဖန်း**
ဦးလေးစိုး – **အစ်ကို၊ အစ်မများ(လားရှိုး)။**







ခြံစည်းရိုးကြက်ဆူစိုက်ခင်းများဖြစ်ထွန်းအောင်မြင်မှု တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော်မြို့တော် ဧပြီ ၈

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဧပြီ၄ရက် နံနက်ပိုင်းက လားရှိုးတပ်နယ် တပ်တွင်းအခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်တည်ဆောက်ရေးလုပ်ငန်းခွင်သို့သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ တိုင်းမှူးသည် လားရှိုးတပ်နယ် နယ်မြေခံတပ်ရင်း၏ ခြံစည်းရိုးကြက်ဆူ စံပြ ၁၀ဧက စိုက်ခင်းသို့ ဖြစ်ထွန်း အောင်မြင်မှု အခြေအနေများကိုလည်းကောင်း၊ တိုင်းစစ်ဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူပင် (သုတေသန) ပျိုးဥယျာဉ်သို့လည်းကောင်း၊ နယ်မြေခံတပ်ရင်း၏ခြံစည်းရိုးကြက်ဆူပင်စံပြ ငါးဧက စိုက်ခင်းဖြစ်ထွန်း အောင်မြင်မှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စိုက်ခင်းတာဝန်ခံများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် လားရှိုးမြို့အဝင် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော် မြတ်ကြီးအနီး သုခမင်္ဂလာ ဆင်းရွှေလီ သာသနာ့ဗိမာန်တော် အဆောက်အအုံသစ်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားညှိနှိုင်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် စေတီတော်အထက်ပစ္စယံရှိ ဂန္ဓကုဋီတိုက်တော် တည်ဆောက်ရေးလုပ်ငန်းခွင် အတွင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော် ရင်ပြင်တော်တွင် သန့်ရှင်းရေး ကုသိုလ်ပြုဆောင်ရွက်နေကြသော ရဲတပ်ဖွဲ့ဝင်များအား လှည့်လည်ကြည့်ရှုအားပေးပြီးနောက် လိုဏ်ဂူတော်အတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် ပတ္တမြားမျက်ရှင်ကြေးသွန်းရုပ်ပွားတော်နှင့် ဗုဒ္ဓရုပ်ပွားတော်များကို ဖူးမြော်ကြည်ညိုသည်။ **(သတင်းစဉ်)**

အမှတ် ၁၈၅၊ ၁၇လမ်း လသာမြို့နယ်နေ ဦးမြင့်ထွန်း–ဒေါ်ဆွေဆွေဦး၊ သား ထက်မြတ်ထွန်းလင်းမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင်အတွက် ကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာဦးလှရွှေ လက်ခံယူစဉ်။
(က–ပ)

စာမျက်နှာ ၁၁မှ

မွန်းလွဲ၁နာရီ၄၅မိနစ်တွင်ရောက်ရှိသည်။ ရှင်းလင်းဆောင်၌ နယ်မြေခံ တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးခင်မောင်ချို က မြစ်ကြီးနား–ဆင်ဘို–မြို့လှ အမှတ်(၃)ခရိုင်ချင်းဆက်လမ်း ဆင်ဘို–ဟိုပင်လမ်းကြောင်း အခြေအနေတို့ကိုရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားခရိုင် မိုးကောင်းချောင်းကို စက်လှေများဖြင့်ဖြတ်ကူး၍ ဆင်ဘိုမြို့နယ်သို့ သွားရောက်ကာ ဆင်ဘိုမြို့ရှိ ပြည်သူ့ဆေးရုံနှင့်အခြေခံပညာ အထက်တန်းကျောင်းများသို့သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆင်ဘိုမြို့နယ်ဈေးသို့ဝင်ရောက်ကြည့်ရှုကာ တာဝန်ရှိသူများအား မြို့အင်္ဂါရပ်နှင့်အညီ ဈေးဆိုင်ခန်းများ နေရာချထားပေးရေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ရွှေကူမြို့နယ် မြို့လှ ကျေးရွာသို့ရောက်ရှိပြီး ရှင်းလင်းဆောင်၌ ဒေသခံပြည်သူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံရာ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးသက်ဝေက ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မြို့လှရွာ၊ ကောက်ကွေ့ချောင်းကို ဖြတ်၍ ဆောက်လုပ်နေသော တံတားကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဝိုင်းဝန်းဆောင်ရွက်

ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဧပြီ၆ရက် နံနက်ပိုင်းတွင် ရွှေကူမြို့ နယ်မြေခံ တပ်ရင်းစည့်ခန်း၌ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဝိုင်းဝန်းဆောင်ရွက်ရေး၊ ဒေသတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးနှင့် လုပ်ငန်းလိုအပ်သည်များ မှာကြားသည်။

မှာကြား

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်း–မန္တလေးလမ်းအတိုင်း ဆက်လက်ထွက်ခွာလာရာ ရွှေလီတံတား(ငါးအိုး)သို့ ရောက်ရှိပြီး ရွှေလီတံတားပေါ်မှ မြစ်ကြောင်းစီးဆင်းမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အခြေခံယာဉ်မောင်းသင်တန်းဆင်း

ရန်ကုန် ဧပြီ ၈

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေး ကုန်စည်ပို့ဆောင်ရေးဌာနခွဲတို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံယာဉ်မောင်းသင်တန်း အမှတ်စဉ်(၁၈) သင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီ ၇ရက် နံနက်ပိုင်းက မီးသတ်ဦးစီးဌာန ကျန်စစ်သားခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း တက်ရောက်သည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းက သင်တန်းဆင်း အမှာစကားပြောကြားသည်။

အဆိုပါယာဉ်မောင်းသင်တန်း အမှတ်စဉ်(၁၈)အား ရက်သတ္တခြောက်ပတ်ကြာ သင်တန်းသား၄၄ဦးဖြင့် ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း ဒဂုံမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၄၆ဘီ၊မြေကွက်အမှတ် ၁၁၈ အေ ဧရိယာ ဝဒသမ ၁၃၀ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၅၄ ဒီ၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်ဟုခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူဒေါ်စပါယ်အောင်ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက ဝယ်ယူရန် တန်ဖိုးငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေနှင့် အဆောက်အအုံနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာသည့်နေ့မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အထက်ပါမြေနှင့် အဆောက်အအုံ၏ တရားဝင်အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးသက်ထွန်း B.A,(Law),LL.B
ဒေါ်ကြည်ကြည်ရွှေ B.A,(Law),LL.B
တရားရုံးချုပ်ရှေ့နေများ
တိုက် ၃၁၅၊ အခန်း ၆၊ ရန်အောင်လမ်းသွယ် ၃၊ ရန်ကင်းမြို့နယ်၊
ဖုန်း–၅၅၆၈၁၂၊ ၀၉–၅၀–၁၅၂၃၄၊ ၅၄၆၄၀၄(လိုင်းခွဲ –၃၈၈)။

ပညာပေးဟောပြောပွဲ

ရန်ကုန် ဧပြီ ၈

မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)နှင့် ကျန်းမာရေးဦးစီးဌာနတို့ကကြီးမှူး၍ ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ ပညာပေးဟောပြောပွဲကို ဧပြီ၁၁ရက် မွန်းလွဲ၁နာရီတွင် မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသည့် ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





အမည်ပြောင်း

အောင်လံမြို့ စမ်းချောင်းရပ်ကွက် ၂လမ်းနေ ဦးတင်ထွေး၏သား အထက(၁)အောင်လံမှ မူလတန်းကျောင်းသား မောင်မြတ်ဘုန်းအောင်ကျော်အား မောင်အောင်ထက်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ထက်ကျော်။**

ဖြည့်စွက်ခေါ်ပါရန်

အဖ ဦးစံချိန်၏ သားဖြစ်သူ ဦးမော်တာ(ခ)ဦးသောင်းမော် SAW–၀၀၄၀၅၉အား ဦးသောင်းမော်ဟု ဖြည့်စွက်ခေါ်ပါရန်။
ဦးမော်တာ(ခ)ဦးသောင်းမော်။

မြန်မာ့ရုပ်မြင်သံကြား

၉–၄–၂၀၀၆ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၀၀ ၆။ အတီးပြိုင်ပွဲ
၈း၀၅ ၇။ ကပ်တဲလ်ကြိုးတံတား
၈း၁၀ ၈။ အရေးပြိုင်ပွဲ
၈း၁၅ ၉။ ခါသကြိန်အဆိုအကများ
၈း၃၀ ၁၀။ International News
၈း၄၅ ၁၁။ Say It In English

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ ခါသကြိန်အဆိုအကများ
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "Doraemon"
၁၁း၅၅ ၅။ သံလွင်မြစ်နဒီ လက်ခုပ်သံဝေစီ
၁၂း၁၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **"မတော်တဆ"** နိုင်းနိုင်း၊ ကြည်လဲ့လဲ့ဦး [ဒါရိုက်တာ–မောင်မောင်ဦး (စနိုးဝှိုက်)]
၁၄း၀၅ ၇။ အဆိုပြိုင်ပွဲ
၁၄း၁၀ ၈။ ခါသကြိန်အဆိုအကများ
၁၄း၂၀ ၉။ အတီးပြိုင်ပွဲ
၁၄း၃၀ ၁၀။ **"ဟွန်းသံ"** (ဧရာနှင့်ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ) (ဒါရိုက်တာ–သက်တင်)
၁၄း၃၅ ၁၁။ ကွန်ချောင်းရေလှောင်တမံ
၁၄း၄၅ ၁၂။ International News

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၆း၄၅ ၄။ တိုင်းရင်းသားရိုးရာ တေးသံသာ
၁၆း၅၅ ၅။ တေးဂီတအစီအစဉ်
၁၇း၁၀ ၆။ ခါသကြိန်အဆိုအကများ
၁၇း၂၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၈း၀၀ ၈။ ညနေခင်းသတင်း
၁၈း၂၀ ၉။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၀။ Discovery
၁၈း၅၀ ၁၁။ ခါသကြိန်အဆိုအကများ
၁၉း၀၅ ၁၂။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၉း၁၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ကံကောင်းခြင်းအိပ်မက်"** (အပိုင်း–၆)
၂၀း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ မြန်မာရုပ်ရှင် **"ယောက္ခမဆိုတာတစ်ခါတုန်းကသမက်ပါပဲ"** (အပိုင်း–၂) ကျော်သူ၊ ရန်အောင်၊ လွင်မိုး၊ မို့မို့မြင့်အောင်၊ မေသဥ္ဇာဦး၊ ခိုင်သင်းကြည် (ဒါရိုက်တာ–မောင်မျိုးမင်း)
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများပူးပေါင်းဆောင်ရွက် ပြီးစီးသော ပြည်တော်သာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၅ ရက်က ကတ္တရာလမ်းသစ်မုခ်ဦးရှေ့၌ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဖွင့်လှစ်ပြီးသော လမ်းသစ်ကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။ (၁၆၈)

ကျောက်ပန်းတောင်း ပညာရေးဌာန ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ကျောက်ပန်းတောင်း ဧပြီ ၁

မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပညာရေးဌာန၏ ခြံစည်းရိုး ကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲ အခမ်းအနားကို မတ် ၂၈ ရက် နံနက် ၈ နာရီခွဲက မြို့နယ်ပညာရေးမှူးရုံးခန်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်း၊ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရွှေမန်း၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးအောင်ဝင်းကြည်၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်လှလှဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်အကြူနှင့် လက်ထောက် ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့် မြို့ပေါ်ကျောင်းများမှ ဆရာဆရာမများ တက်ရောက် ကြသည်။

အခမ်းအနားကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းနှင့် မြို့နယ် ဥက္ကဋ္ဌ ဦးရွှေမန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကြက်ဆူမျိုးစေ့များနှင့် ကြက်ဆူပျိုးကိုင်းများကို စုပေါင်းစိုက်ပျိုးပေးကြရာ **(အောက်ပုံ)** ပျိုးကိုင်း ၁၇၆၀ ကို စိုက်ပျိုးခဲ့ပြီး တစ်မြို့နယ်လုံးအနေဖြင့် ပျိုးကိုင်း ၁၅၄၅၀ စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကျန်းမာရေး ပညာပေးဟောပြောပွဲ ကျောက်မဲ၌ ကျင်းပ

ကျောက်မဲ ဧပြီ ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကျန်းမာရေးပညာပေးဟောပြောပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၄ ရက် နံနက် ၁၀ နာရီက မေတ္တာမွန်ခန်းမ၌ ကျင်းပသည်။

ဟောပြော

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးဘဝင်းက အမှာစကားပြောကြားပြီး လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါက်တာဒေါ်တင်တင်က ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် တီဘီရောဂါကင်းစင်ဖို့ အားလုံးပါဝင်ဆောင်ရွက်စို့ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အဖွဲ့ဝင်ဒေါ်ကြည်ကြည်က ကြက်ငှက်တုပ်ကွေး ရောဂါကာကွယ်တားဆီးရေးနှင့် ပတ်သက်၍ လည်းကောင်း ဟောပြောကြသည်။

လက်ခံရယူ

ဆက်လက်၍ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံးနှင့် ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ရုံး ပြင်ဆင်မွမ်းမံဆောက်လုပ်ရန်အတွက် ပွင့်ကောင်းနှင့် ခင်နွဲ့ရည် (ရွှေပုစွန်) ကုမ္ပဏီလီမိတက်ကိုယ်စား နောင်ချိုမြို့နယ် ခြံမန်နေဂျာ ဦးဝင်းအောင်က အလှူငွေကျပ်သိန်း ၃၀ ကို ပေးအပ်လှူဒါန်းရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါ်နန်းသန်းနွယ်နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်စောအေးတို့က လက်ခံရယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(ခရိုင်အမျိုးသမီးရေးရာ)

အုတ်ဖိုမြို့ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ဆရာတော်နှင့် သက်ကြီးပူဇော်ကန်တော့ပွဲ

အုတ်ဖို ဧပြီ ၁

ပဲခူးတိုင်း အုတ်ဖိုမြို့နယ် ကျွန်းကုန်းကျေးရွာ မိုးကုတ်ဝိပဿနာ ရာသက်ပန်အမြဲတမ်းတရားစခန်းဓမ္မရိပ်သာကြီးတွင် အသက်(၇၅)နှစ်နှင့် အထက်ဆရာတော် သံဃာတော်အရှင်သူမြတ်များနှင့် မိုးကုတ်ယောဂီများအား မိုးကုတ်ယောဂီများမှ သက်ကြီးပူဇော်ပွဲကို ၁၃၆၇ခုနှစ် တန်ခူးလဆန်း ၁၄ ရက် နံနက် ၅နာရီတွင် ပူဇော်ကန်တော့မည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ မိုးကုတ်ယောဂီများနှင့် အလှူရှင်များ ပါဝင်လှူဒါန်းပူဇော်ကန်တော့နိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။

(၀၇၄)

မြန်မာ့အသံ

၁၀-၄-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မန္တလေးတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ)

၁၁:၄၀ သိပ္ပံအကြောင်းသိကောင်းစရာ (သိပ္ပံနှင့်နည်းပညာတိုးတက်မှုအကြောင်း-သိပ္ပံမှူးတင်)

၁၂:၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ(ပြည်တွင်း)

၁၂:၂၅ အားကစားသတင်းပဒေသာ

ညနေပိုင်း

၁၆:၃၀ ဟောပြောချက် (မြန်မာနိုင်ငံ၏ မူယစ်ဆေးဝါးပပျောက်ရေး၊ စတုတ္ထနည်းဗျူဟာသည် မီဒီယာတို့၏ အမျိုးသားရေးတာဝန်) (ခြင်ကျား-မအူပင်)

၁၇:၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)

၁၇:၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (မြန်မာနှစ်သစ်ကူးပွဲတော်-ခိုင်ခိုင်)

၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)

၁၉:၁၅ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုရအစီအစဉ် (မန္တလေးတိုင်းမှ ဒေါ်ညိုညိုစိမ့် ဆိုင်းအဖွဲ့)

၂၀:၃၀ မေတ္တာလက်ဆောင်ရ သင်္ကြန် တေးစီးရီး(ရွှေတောင်ပံ တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင် ပေးပို့သည့် ပိတောက်တစ်ခက် ချစ်သက်လက်ဆောင် တေးစီးရီး)

မင်းပြားမြို့ ပျိုးဥယျာဉ်အတွင်း ပျိုးပင်များပျိုးထောင်

မင်းပြား မတ် ၃၁

မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပျိုးထောင်ထားမှု အခြေအနေကို မတ် ၂၀ ရက်က ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအုန်းမောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့က ရှင်းလင်းတင်ပြကြကြောင်းသိရသည်။

(မြို့နယ် စည်ပင်)

ပေါက်ခေါင်း အောင်ရတနာလမ်း ကတ္တရာလမ်းသစ်ဖွင့်

ပဲခူးတိုင်း (အနောက်ပိုင်း) ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ အောင်ရတနာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၀ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကြည်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ရေမြောင်းများတူးဖော် ချုံနွယ်များ ရှင်းလင်း

တောင်ငူ ဧပြီ ၁

တောင်ငူမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီက ကြီးမှူး၍ စစ်မှုထမ်းဟောင်းများနှင့် တောင်ငူပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများသည် မတ် ၂၅ ရက် က ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းနှင့် ဝန်ထမ်းအိမ်ရာဝန်းကျင် ရေမြောင်းများ တူးဖော်ခြင်းနှင့် ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြသည်။

(ယာပုံ) (၃၇၂)

ပုဂံကုန်း-တောင်တွင်းကြီးလမ်း ကျောက်ခင်းရန် မြေသားတင်

တောင်တွင်းကြီး ဧပြီ ၇

တောင်တွင်းကြီးမြို့နယ် ပုဂံကုန်း-တောင်တွင်းကြီး ကျေးလက်မြေသားလမ်း အရှည်ပေ ၁၁၃၅၀ ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်နိုင်ရေးအတွက် မြေသားတင်ခြင်းလုပ်ငန်းကို မတ် ၂၇ရက်က စတင်ဆောင်ရွက်လျက်ရှိသည်။

ပံ့ပိုးဖြည့်ဆည်း

အဆိုပါ မြေသားတင်ခြင်းလုပ်ငန်းခွင်သို့ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးအောင်ကြီး၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးကျော်ဆင့်တို့က ကြည့်ရှု၍လိုအပ်သည်များကို ကူညီပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

လဝန်းရွှေစင်

သကြၤန်ကားမျိုးစုံ

လချုပ်၊ နယ်၊ မြို့တွင်း/ပြင် နာရီတိုင်းကားမျိုးစုံငှားရန်ရှိပါသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

၀၉-၅၀၇၁၇၄

၅၀/၈၄၆- Ext -121

ဂုဏ်ယူဝမ်းမြောက်ကြောင်း

တောင်ကြီးမောက်မယ်သနပ်ခါး (Libra Co.,Ltd.) သည် မြန်မာ့သနပ်ခါးလောကတွင် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်နိုင်ကြောင်း နိုင်ငံတကာစံညွှန်းသတ်မှတ်ရေးအဖွဲ့မှ ပေးအပ်သည့် ISO 9001:2000(3996) လက်မှတ်ကို ပထမဦးစွာ ရရှိသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဦးခင်မောင်ဇော်-ဒေါ်နှင်းနှင်းဦး

ရွှေဆိုင်တန်း ဈေးချို၊ မန္တလေးမြို့။

ဂုဏ်ယူဝမ်းမြောက်ကြောင်း

တောင်ကြီးမောက်မယ်သနပ်ခါး (Libra Co.,Ltd.) သည် မြန်မာ့သနပ်ခါးလောကတွင် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်နိုင်ကြောင်း နိုင်ငံတကာစံညွှန်းသတ်မှတ်ရေးအဖွဲ့မှ ပေးအပ်သည့် ISO 9001:2000(3996) လက်မှတ်ကို ပထမဦးစွာ ရရှိသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

တောင်တွင်းကြီး အလှကုန်

ဆိုင်အမှတ်(စ/၁၃၅)၊ (၄)လွှာ၊ မင်္ဂလာဈေး။

ဖခင်အမည်မှန်

ကျိုင်းတုံမြို့ အလက(၁) သတ္တမတန်း(က)မှ မအားမီ၏ ဖခင်အမည်မှန်မှာ ဦးပက်ထရစ် ၁၃/ကတန(နိုင်)၀၀၃၃၃၄ ဖြစ်ပါကြောင်း။

ဦးပက်ထရစ်။

အမည်မှန်ပြောင်းခြင်း

ဒေါ်ပြုံး (S/OKA-013645) ၏သား ငယ်နာမည် ဖိုးလှမင်း၏ အမည်မှန်မှာ မောင်လှမင်း (၁၂/ဥကတ(နိုင်)၁၄၃၉၅၇)ဖြစ်ကြောင်း။

မောင်လှမင်း။

THREE STAR

Air con, ရေခဲသေတ္တာ တပ်ဆင်၊ ပြုပြင်၊ ရောင်းဝယ်ရေး Door to Door ဆောင်ရွက်ပေးနေပါသည်။

ဖုန်း- ၇၀၅၇၈၄။

ဂုဏ်ယူဝမ်းမြောက်ကြောင်း

တောင်ကြီးမောက်မယ်သနပ်ခါး (Libra Co.,Ltd.) သည် မြန်မာ့သနပ်ခါးလောကတွင် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်နိုင်ကြောင်း နိုင်ငံတကာစံညွှန်းသတ်မှတ်ရေးအဖွဲ့မှ ပေးအပ်သည့် ISO 9001:2000(3996) လက်မှတ်ကို ပထမဦးစွာ ရရှိသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

Myanmar Holly View Co., Ltd.

 # 04-402, Yuzana Tower.

ဂုဏ်ယူဝမ်းမြောက်ကြောင်း

တောင်ကြီးမောက်မယ်သနပ်ခါး (Libra Co.,Ltd.) သည် မြန်မာ့သနပ်ခါးလောကတွင် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်နိုင်ကြောင်း နိုင်ငံတကာစံညွှန်းသတ်မှတ်ရေးအဖွဲ့မှ ပေးအပ်သည့် ISO 9001:2000(3996) လက်မှတ်ကို ပထမဦးစွာ ရရှိသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဒေါ်ကြည်ကြည်ဝင်း
(အလှကုန်ရောင်းဝယ်ရေး)
တ/၁၂၆၊(၄)လွှာ၊ မင်္ဂလာဈေး။

"ထက်ထက်" Fashion Shop
G-6 ဒုတိယထပ်၊ ယုဇနပလာဇာ။

ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်တိုင်းတရားရုံး၊ တွဲဖက်တိုင်းတရားသူကြီး(၃)ရုံးတော်၌
၂၀၀၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၅၅ နှင့် ဆက်သွယ်သည့်
၂၀၀၆ ခုနှစ်၊ ဇာရီမှုအမှတ်-၂၅၄

ဦးကျော်ကျော်ဆင့်	**နှင့်**	ဒေါ်မို့မို့လတ်
(ဒီကရီအနိုင်ရသူ)		**(တရားရှုံး)**

ရန်ကုန်မြို့ တာမွေမြို့နယ် တာမွေရဲစခန်းရှေ့၊ မြေညီထပ်(ဝဲ) အစွန်ဆုံးခန်း၊ အမှတ်(၃၇၄)နေ ဒေါ်မို့မို့လတ် (ယခုနေရပ်လိပ်စာမသိ) သိရှိစေရမည်။

၂၀၀၅ခုနှစ် တရားမကြီးမှုအမှတ်-၄၅၅ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်စုံတစ်ရာရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြထုချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၀၆ ခုနှစ် ဧပြီလ ၁၉ ရက် (၁၃၆၈ ခု၊ တန်ခူးလပြည့်ကျော် ၇ ရက်)နေ့ မွန်းမတည့်မီ ၉း၃၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၀၆ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

ခင်မောင်ကြီး

တွဲဖက်တိုင်းတရားသူကြီး(၃)

ရန်ကုန်တိုင်းတရားရုံး။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြိတ်မြို့၊ မြစ်ငယ်ရပ် ဗဟိုလမ်းနေ အဖဦးဝင်းနိုင်၊ အမိဒေါ်တင်တင်လှတို့၏သမီးဖြစ်သူ မခင်မြတ်မြတ်နိုင်သည် မိဘအပေါ်အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိဘစကားနားမထောင်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

အဖ ဦးဝင်းနိုင် ၆/မအရ(နိုင်) ၀၄၁၃၅၅
အမိ ဒေါ်တင်တင်လှ ၆/မအရ(နိုင်) ၀၅၆၉၉၂။

အမည်ပြောင်း

အဖ ဦးမောင်မောင်နိုင်၏သား မောင်အောင်ရဲထက်အား မောင်အောင်ရဲမင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်ရဲမင်း။

ကျေးဇူးဆပ်ပါမည်

ယာဉ်အမှတ် ဇ/၇၄၈၆၏ အခွန်ကျေစာရွက်မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဦးမောင်မောင်

ဖုန်း- ၀၉-၅၁၁၀၃၉၄။

ဦးသန်းထွန်းအောင်(၁၂/ဥကတ(နိုင်)၀၂၉၆၃၆)အားလွှဲအပ်ထားသည့်
အထူးကိုယ်စားလှယ်လွှဲစာအား ဦးထွန်းလှဖြူ(၁၂/ပဇတ(နိုင်)၀၁၀၈၇၄)မှ

ပြန်လည်ရုပ်သိမ်းခြင်း

ပြည်မြို့၊ အမှတ်(၆)၊ နဝင်းရပ်ကွက်၊ စပယ်လမ်း၊ ခရမ်းကုန်း၊ ပြည်မြို့နေ ဦးထွန်းလှဖြူ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သက်ဆိုင်သူများသို့ သိစေအပ်ပါသည်-

၁။ ဝေဖြိုးစက်မှုလုပ်ငန်းစု၏ မော်တော်ယာဉ်ထုတ်လုပ်မှု စက်မှုလုပ်ငန်းကို ဦးထွန်းလှဖြူ ကိုယ်စား၊ သက်ဆိုင်ရာ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် ဦးသန်းထွန်းအောင်အား အထူးကိုယ်စားလှယ်စာကို၊ ပြည်မြို့၌၂၀-၁၀-၂၀၀၄ ရက်တွင် အသိသက်သေများရှေ့မှောက်၌ လွှဲအပ်ခန့်ထားဆောင်ရွက်စေခဲ့ပါသည်။

၂။ ထိုသို့ ဦးထွန်းလှဖြူကိုယ်စား၊ ဦးသန်းထွန်းအောင်က ဆောင်ရွက်နေစဉ်တွင် ဦးသန်းထွန်းအောင်သည် ပိုင်ရှင်ဖြစ်သူ ဦးထွန်းလှဖြူနှင့်ပင် တိုင်ပင်ဆွေးနွေးညှိနှိုင်းခြင်းမရှိတော့ဘဲ၊ ၎င်းသဘောဆန္ဒအလျောက် လုပ်ဆောင်ပြီး ဦးထွန်းလှဖြူက ယုံကြည်စွာအပ်နှံလုပ်ဆောင်စေသော အလုပ်ကိစ္စများ၊ ငွေကြေးကိစ္စရပ်များကို ယုံကြည်အပ်နှံမှုဖောက်ဖျက်ခါ အလွဲသုံးစားများ ပြုလုပ်နေပြီး ဦးထွန်းလှဖြူမိသားစုမှ သွားရောက်ရှာဖွေတွေ့ဆုံသော်လည်း ဦးသန်းထွန်းအောင်သည် အတွေ့လုံးဝမခံဘဲ ရှောင်တိမ်းနေကြောင်း သိရပါသည်။

၃။ သို့ဖြစ်ပါ၍ ဦးသန်းထွန်းအောင်အား၊ ကျွန်ုပ်တို့၏ အမှုသည် ဦးထွန်းလှဖြူမှ အထူးကိုယ်စားလှယ်စာပေးအပ်ထားခြင်းကို ယခုကြေညာသည့်နေ့မှစတင်၍ လုံးဝပြန်လည်ရုပ်သိမ်းကြောင်း၊ သက်ဆိုင်ရာများနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးထွန်းလှဖြူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မေစီဝင်း(၂၄၀၁)	**ဒေါ်စိုးစိုးအေး(၂၂၄၃၃)**
(B.A - Law, LL.B)	**(LL.B)**
တရားရုံးချုပ်ရှေ့နေ	**အထက်တန်းရှေ့နေ**
အမှတ်(၃၉၈)၊ နေကျော်တန်းလမ်း	**အမှတ်(၆)၊ရွှေဘုန်းပွင့်ဘုရားလမ်း၊**
ရွာဘဲရပ်၊ ပြည်မြို့။	**ကျောင်းကြီးအိုးတန်းရပ်၊ ပြည်မြို့။**

ဂုဏ်ယူဝမ်းမြောက်ကြောင်း

တောင်ကြီးမောက်မယ်သနပ်ခါး (Libra Co.,Ltd.) သည် မြန်မာ့သနပ်ခါးလောကတွင် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်နိုင်ကြောင်း နိုင်ငံတကာစံညွှန်းသတ်မှတ်ရေးအဖွဲ့မှ ပေးအပ်သည့် ISO 9001:2000(3996) လက်မှတ်ကို ပထမဦးစွာ ရရှိသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

မညွန့်ညွန့်ရီ

ရွှေဆိုင်တန်း၊ ဈေးချို၊ မန္တလေးမြို့။

ဂုဏ်ယူဝမ်းမြောက်ကြောင်း

တောင်ကြီးမောက်မယ်သနပ်ခါး (Libra Co.,Ltd.) သည် မြန်မာ့သနပ်ခါးလောကတွင် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်နိုင်ကြောင်း နိုင်ငံတကာစံညွှန်းသတ်မှတ်ရေးအဖွဲ့မှ ပေးအပ်သည့် ISO 9001:2000(3996) လက်မှတ်ကို ပထမဦးစွာ ရရှိသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ကိုမျိုးဇော်ဦး

ကော်ဘူးဆွဲလုပ်ငန်း (တောင်ကြီးမောက်မယ်)။

ဂုဏ်ယူဝမ်းမြောက်ကြောင်း

တောင်ကြီးမောက်မယ်သနပ်ခါး (Libra Co.,Ltd.) သည် မြန်မာ့သနပ်ခါးလောကတွင် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်နိုင်ကြောင်း နိုင်ငံတကာစံညွှန်းသတ်မှတ်ရေးအဖွဲ့မှ ပေးအပ်သည့် ISO 9001:2000(3996) လက်မှတ်ကို ပထမဦးစွာ ရရှိသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဦးခိုင်မောင်မောင်-ဒေါ်လှဌေး မိသားစု။

တောင်ကြီးမြို့။

မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလ္လံစေတီတော်ပရဝဏ်ဘက်စုံပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် မတ် ၂၄ ရက်က နှစ်ဖက်သောမိဘများအားအမှူးထား၍ မော်လမြိုင်မြို့ မြိုင်ရတနာဈေး(ပန်းချယ်ရီ-အထည်ဆိုင်) ဦးမျိုးဇော်မင်း-ဒေါ်သီဂီရိုန်၊ သမီးပွင့်ဖြူမိသားစုတို့က ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံရယူစဉ်။ (က-ပ)

မျိုးဆက်ပွားကျန်းမာရေး ပညာပေးသင်တန်းဖွင့်

လားရှိုး ဧပြီ ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ပျိုရွယ်သူများ မျိုးဆက်ပွားကျန်းမာရေးပညာပေးသင်တန်းကို မတ် ၂၃ရက်နံနက် ၉နာရီက လားရှိုးမြို့ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံး အဆောက်အအုံ၌ ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သန့်စင်က တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ သင်တန်းနည်းပြဆရာများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် သင်တန်းသားများ တက်ရောက်ကြပြီး အဆိုပါသင်တန်းသို့ လူငယ်လူရွယ်သင်တန်းသား ၄၈ ဦး တက်ရောက်ကြကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ရွှေပြည်သာမြို့ အမှတ် ၂ သံလွင်လမ်း (၆)ရပ်ကွက် ရွှေပြည်သာ ပရိယတ္တိစာသင်တိုက်ရှိ နာရေးကူညီမှုအသင်း ရွှေပြည်သာသို့ ချင်းတွင်းလမ်း မန္တလေးကျောင်းတိုက် ဆရာတော် ဦးသုစိတ္တက အလှူတော်ငွေကျပ် ၆၀၀၀၀၀ ပြည့်ရန် ဝါတွင်းဥပုသ်သည်များနှင့် စုပေါင်း၍ ငွေကျပ် ၂၀၀၀၀၀ ထပ်မံလှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးမြတ်ဝေနှင့် အတွင်းရေးမှူး ဦးမျိုးသက်အောင်တို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ဆက်ကပ်စဉ်။ (က-ပ)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် စိန့်ပီတာစဘတ်မြို့ ဒုတိယအုပ်ချုပ်ရေးမှူးတို့တွေ့ဆုံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ရန်ကုန် ဧပြီ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ ဒုတိယအုပ်ချုပ်ရေးမှူး Mr.Lobko တို့သည် ဧပြီ ၅ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူးရုံး Smolny အခန်း(၃၈၂)၌ တွေ့ဆုံဆွေးနွေးကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ ဒုတိယအုပ်ချုပ်ရေးမှူး **Mr.Lobko** တို့ စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူးရုံး၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

တက်ရောက်

ထိုသို့ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်စိုးတို့ တက်ရောက်ကြပြီး စိန့်ပီတာစဘတ်မြို့ *စာမျက်နှာ ၁၁ ကော်လံ ၅* ■

မိုးလေဝသအခြေအနေ (ဧပြီ ၉ ရက်)

နေပြည်တော်မြို့တော်

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ဧပြီ ၅ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး **Mr. A. Y. Alekseev** တို့ မော်စကိုမြို့ **Vnukovo-2** လေဆိပ်တွင် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းအကျယ် စာ-၉) (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

အနောက်မီဒီယာများက နိုင်ငံရေးလုပ်သည့် အစုအဖွဲ့များကို ကိုယ်စားပြု ဝါဒဖြန့်ပေးနေသော သတင်းပလင်းများဖြစ်သည့် တွေ့ဆုံဆွေးနွေးရေးတို့ လွှတ်တော်ခေါ်ပေးတို့ နှစ်ဆန်းတစ်ရက် တောင်းဆိုချက်တို့ကို သတင်းကြေညာပေးနေသည့် အချိန်နည်းနည်းလေးအတွင်း ထုတ်လွှင့်ပေးနေသည့် ထို Time Space များနေရာတွင် မြန်မာပြည်သူများ အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် ပိတ်ဆို့ရေးလမ်းကြောင်းများကိုပြန်ဖွင့်ပေးဖို့သာ လေလှိုင်းကြားမှ အသံလွှင့်သူတို့အနေဖြင့် သင်တို့၏ အရှင်သခင်များကို အရင်သိအောင် ကြေညာထုတ်လွှင့်ပေးပါဦးလား။

ဇန်ဇန်၏

ပါးစပ်သတင်း၊ အရပ်သတင်း မီဒီယာနဲ့ ဘက်လိုက်မှုသတင်းပညာများကြားမှာ ဝါဒမှိုင်းမမိကြစေဖို့...။

ဆောင်းပါး (စာ-၃)